

# သင့်ကလေးများ၏ ကျောင်းများ လမ်းညွှန်



## မိဘ လက်စွဲစာအုပ်



Adult Learning Resource Center
Des Plaines, IL က စီစဉ်ရေးသားပြုစုပြီး

Illinois Department of Human Services

နှင့်
Illinois State Board of Education
တို့က ရန်ပုံငွေ ထောက်ပံ့သည်။

၂၀၁၂ စက်တင်ဘာ

# သင့်ကလေးများ၏ ကျောင်းများ လမ်းညွှန်

## မိဘ လက်စွဲစာအုပ်

Adult Learning Resource Center
Des Plaines, IL *က စီစဉ်ရေးသားပြုစုပြီး*

Illinois Department of Human Services

*နှင့်*
Illinois State Board of Education
*တို့က ရန်ပုံငွေ ထောက်ပံ့သည်။*

# ကျေးဇူးတင်ရှိကြောင်း

*သင့်ကလေးများ၏ ကျောင်းများ လမ်းညွှန်၊ မိဘ လက်စွဲစာအုပ်* ကို အီလီနွိုက် ပြည်နယ်ရှိ အေဂျင်စီများစွာ ပူးပေါင်းလုပ်ဆောင်မှု၏ ရလဒ်တစ်ခုအဖြစ် ၂၀၀၂ ခုနှစ်တွင် ဦးစွာ ရေးသားပြုစုခဲ့ပါသည်။ ဤလက်စွဲစာအုပ် စီစဥ်ခြင်းနှင့် ဖြန့်ဝေခြင်းအတွက် တာဝန်ရှိသော ပုဂ္ဂိုလ်များတွင် ပါဝင်ကြသည်မှာ

| | |
|---|---|
| Dr. Edwin Silverman | Illinois Department of Human Services/Bureau of Refugee and Immigrant Services |
| Beth Robinson | Illinois State Board of Education |
| Sue Barauski | ညွှန်ကြားရေးမှူး၊ Adult Learning Resource Center |
| Laura Bercovitz | မန်နေဂျာ။ Adult Learning Resource Center |
| Greg Krisco | ပညာရေး အတိုင်ပင်ခံ။ Adult Learning Resource Center |
| Catherine Porter | ပညာရေး အတိုင်ပင်ခံ။ Adult Learning Resource Center |

Bounlieng Phommasouvanh, Mary P. Diaz, Diane Pecoraro နှင့် Joyce M. Biagini တို့ရေးသားသည့် *LEP ကျောင်းသားများ၏ မိဘများအတွက် မင်နီဆိုတား ကျောင်းများ လမ်းညွှန်* စာအုပ်မှ အကြောင်းအရာများကို ဆီလျော်အောင် ပြုပြင်အသုံးပြုရန် ကျွန်ုပ်တို့အား ရက်ရောစွာ ခွင့်ပြုပေးခဲ့သည့်အတွက် Diane Pecoraro နှင့် Minnesota Department of Education တို့အား ကျေးဇူးအထူးတင်ရှိပါသည်။

ဤလမ်းညွှန်စာအုပ်ကို ပြန်လည်သုံးသပ်ပြီးနောက် အသုံးဝင်သော ထိုးထွင်းသည့်အမြင်များနှင့် အကြံပြုချက်များ ပေးအပ်သည့်အတွက် Tatyana Fertelmeyster, Trudi Langendorf နှင့် Joy Ross တို့ကို ကျေးဇူးတင်ရှိပါသည်။

အချက်အလက်များကို Laura Bercovitz နှင့် Catherine Porter © Adult Learning Resource Center ရေးသားပြုစုသည့် *ပညာရေးဆိုင်ရာ လုပ်ဖော်ကိုင်ဖက်များ အဖြစ်ဖြင့် မိဘများ၊ လူနည်းစု ဘာသာစကားပြော မိဘများအတွက် သင်ရိုး ညွှန်းတမ်း* စာအုပ်မှလည်း ထုတ်နုတ်ယူပါသည်။

*သင့်ကလေးများ၏ ကျောင်းများ လမ်းညွှန်၊ မိဘ လက်စွဲစာအုပ်* ၂၀၁၂ ခုနှစ် တည်းဖြတ်ထုတ်ဝေမှုသည် ပညာရေးဆိုင်ရာ မူဝါဒများနှင့် လုပ်ထုံးလုပ်နည်းများ ပြောင်းလဲမှုများကို ထပ်ဟပ်စေရန် Illinois State Board of Education က ပြုလုပ်သည့် စိစစ်တည်းဖြတ်များကို ဖြည့်သွင်းပေါင်းစပ်ထားသည်။

## ဤစာအုပ်အကြောင်း

မိဘ သို့မဟုတ် အုပ်ထိန်းသူ ခင်ဗျာ

ကြိုဆိုပါသည်။ ဤစာအုပ်သည် သင့်အား အမေရိကန်ပြည်ထောင်စုနှင့် အီလီနွိုက်မှ ကျောင်းစနစ်နှင့် ပတ်သက်သည့် အရေးကြီးသော အချက်အလက်များကို သင့်အား ပေးပါလိမ့်မည်။ အကယ်၍ သင် သို့မဟုတ် သင့်မိသားစုသည် ဤနိုင်ငံ သို့မဟုတ် ဤပြည်နယ်တွင် အသစ်ဖြစ်လျှင် သင့်တွင် ကျောင်းများနှင့် ပတ်သက်၍ မေးမြန်းစရာများ ရှိကောင်းရှိနိုင်ပေသည်။ ဤလက်စွဲစာအုပ်တွင် ပါရှိသည့် အချက် အလက်များသည် <u>အထွေထွေ</u> အချက်အလက်များဖြစ်သည်။ သင့် ကလေး၏ ကျောင်းများနှင့် ပတ်သက်၍ အသေးစိတ်သိလိုပါက သင့် ဒေသဆိုင်ရာ ကျောင်းကို သင် ဖုန်းဆက်ရန် လိုကောင်း လိုအပ်လိမ့်မည်။

ကလေးများ၏ ပညာရေးတွင် မိဘများနှင့် ကျောင်းများသည် လုပ်ဖော်ကိုင်ဖက်များဖြစ်ကြသည်။ ၎င်းတို့ နှစ်ဦးစလုံးသည် ကလေးများကို အောင်မြင်စေလိုကြသည်။ ပညာရေးတွင် မိဘများနှင့် မိသားစုများ ပါဝင် ပတ်သက်လာသောအခါ ၎င်းတို့၏ ကလေးများသည် ကျောင်းတွင် ပို၍ စာလိုက်နိုင်ပြီး ပိုမိုအောင်မြင်ရန် ကြိုးပြင်းလာကြသည်။ အမေရိကန်ပြည်ထောင်စု ကျောင်းစနစ် လုပ်ဆောင်ပုံကို နားလည်ခြင်းအားဖြင့် သင့် ကလေးများအား အောင်မြင်စေရန်နှင့် ၎င်းတို့တတ်နိုင်သမျှ အကောင်းဆုံး ကြိုးစား လုပ်ဆောင် နိုင်စေရန် သင့်အနေဖြင့် ကူညီနိုင်သည်။

## မာတိကာ ဇယား

*မေးခွန်းများနှင့် အဖြေများ*


**I.** **အမေရိကန် ပြည်ထောင်စု ကျောင်းစနစ်** ______ 1

*1.* *ကျွန်ုပ်၏မြို့တွင် ကျောင်းများကို မည်သို့ဖွဲ့စည်းထားသနည်း*.................................................... 1

*2.* *အမေရိကန် ပြည်ထောင်စုတွင် မည်သို့သော ကျောင်းအမျိုးအစားများ ရှိသနည်း။* .............................. 2

*3.* *အထက်တန်းမပြီးသော ကျောင်းသားများအတွက် ကျောင်းများရှိပါသလား။*.................................... 3

**II.** **ကျောင်းအပ်ခြင်း** ______ 4

*1.* *ကျွန်ုပ်၏ကလေးများကို မည်သို့ ကျောင်းအပ်နိုင်သနည်း မည်သည့် စာရွက်စာတမ်းများ လိုအပ်သနည်း။* .... 4

*2.* *ကျောင်း စတက်ရောက်နိုင်မီ ကျွန်ုပ်၏ ကလေးများသည် မည်သည့်ဆေးကုသရေး ပုံစံများနှင့် စစ်ဆေးမှုများ လိုအပ်သနည်း။* ................................................................................................. 4

*3.* *ကျွန်ုပ်တို့၏မိခင်နိုင်ငံ သို့မဟုတ် အခြားနိုင်ငံတစ်ခုတွင် ကျွန်ုပ်၏ကလေးများသည် ဤကာကွယ် ဆေးများကို ထိုးခဲ့လျှင် ဘာဖြစ်မည်နည်း။* ........................................................................... 5

*4.* *ကျောင်းမအပ်မီ ကျွန်ုပ်၏ ကလေးများသည် သွားဆရာဝန်နှင့် ပြရန် လိုအပ်ပါသလား။* ........................ 5

*5.* *ကျွန်ုပ်၏ ကလေးများသည် အခြားမည်သည့် စစ်ဆေးမှုများ လိုအပ်သနည်း။*.................................. 5

*6.* *ရုပ်ပိုင်းဆိုင်ရာ စစ်ဆေးမှုအတွက် ကျွန်ုပ်တို့ မည်သည့်နေရာသို့ သွားနိုင်သနည်း။* ............................ 6

**III.** **ကျောင်းပြက္ခဒိန်နှင့် ကျောင်းတက်ရက်များ** ______ 7

*1.* *ကျွန်ုပ်၏ ကလေးများသည် နေ့စဉ် ကျောင်းတွင် မည်မျှ ကြာကြာ ရှိနေသနည်း။* ............................. 7

*2.* *ကလေးများသည် ကျောင်းတွင်မရှိသော အားလပ်ရက်များ သို့မဟုတ် နေ့ထူးနေ့မြတ်များရှိသလား။* ......... 7

**IV.** **ကျောင်းသို့ သွားရောက်ခြင်း** ____ 9

1. ကျွန်ုပ်၏ ကလေးများသည် နေ့စဉ် ကျောင်းသို့ မည်သို့သွားပြီး ကျောင်းမှ မည်သို့ ပြန်လာနိုင်သနည်း။ ..... 9

**V.** **ကျောင်း လုပ်ငန်းစဉ်များ** ____ 10

1. ကျွန်ုပ်၏ ကလေး နေမကောင်းလျှင် ကျွန်ုပ် ဘာလုပ်သင့်သနည်း။ ..... 10

2. ကျွန်ုပ်၏ ကလေးသည် ကျောင်းတွင် ဆေးသောက်ရမည်ဆိုလျှင် ဘာဖြစ်မည်နည်း။ ..... 11

3. ကျွန်ုပ်၏ ကလေးကျန်းမာရေးနှင့်ပတ်သက်၍ မေးမြန်းစရာရှိလျှင် မည်သူ့ကို ဖုန်းဆက်သင့်သနည်း။ ..... 11

4. ကျွန်ုပ်၏ ကလေးသည် ကျောင်းတွင် နေမကောင်းဖြစ်လျှင် သို့မဟုတ် မတော်တဆမှုဖြစ်လျှင် ကျောင်းသည် ကျွန်ုပ်အား မည်သို့ အကြောင်းကြားနိုင်သနည်း။ ..... 11

5. ကျွန်ုပ်၏ ကလေးသည် ကျောင်းနောက်ကျရမည် သို့မဟုတ် ကျောင်းပျက်ရမည်ဆိုလျှင် ကျွန်ုပ် မည်သို့ လုပ်ဆောင်သင့်သနည်း။ ..... 12

6. ကျွန်ုပ်သည် ကျွန်ုပ်၏ ကလေး၏ကျောင်းကို လည်ပတ်နိုင်ပါသလား။ ..... 13

7. ကျောင်းတွင် မည်သည့်အရာအတွက်မဆို ကျွန်ုပ် ငွေပေးရန် လိုအပ်ပါသလား။ ..... 13

8. ကျောင်းလုပ်ငန်းစဉ်များနှင့်ပတ်သက်၍ မေးမြန်းစရာရှိလျှင် မည်သူ့ကို မေးနိုင်သနည်း။ ..... 14

**VI.** **ကျောင်းများတွင် အလုပ်လုပ်ကြသူများ** ____ 15

1. ကျောင်းအုပ်စုရုံးများနှင့် ကျောင်းများတွင် အလုပ်လုပ်ကြသူများသည် မည်သူများ ဖြစ်ကြသနည်း။ ..... 15

2. ကျွန်ုပ်၏ ကလေးနှင့်ပတ်သက်၍ ကျောင်းတွင် မည်သူနှင့် ပြောဆိုဆွေးနွေးနိုင်သနည်း။ ..... 17

**VII.** **သင်ကြားရေးဆိုင်ရာ အစီအစဉ်များ** ____ 18

1. ကျွန်ုပ်၏ ကလေးများသည် အင်္ဂလိပ်စကား ကောင်းစွာ မပြောတတ်လျှင် ကျောင်းများသည် ကူညီရန် ဘာလုပ်နိုင်သနည်း။ ..... 18

2. မူလတန်းကျောင်းတွင် ကျွန်ုပ်၏ ကလေးများသည် မည်သည့်ဘာသာရပ်များကို လေ့လာသင်ယူရသနည်း။ .. 18

3. အလယ်တန်းကျောင်း သို့မဟုတ် အထက်တန်းကျောင်း အငယ်တန်းတွင် ကျွန်ုပ်၏ ကလေးများသည် မည်သည့် ဘာသာရပ်များကို လေ့လာ သင်ယူရသနည်း။ ........ 19

4. အထက်တန်းကျောင်းတွင် ကျွန်ုပ်၏ ကလေးများသည် မည်သည့်ဘာသာရပ်များကို လေ့လာ သင်ယူရသနည်း။ ...... 19

5. ကျွန်ုပ်၏ ကလေးတွင် သင်ယူခြင်းပြဿနာများ သို့မဟုတ် အထူးလိုအပ်ချက်များရှိလျှင် ကျောင်းများသည် ကူညီရန် မည်သို့လုပ်ဆောင်နိုင်သနည်း။ ........ 20

6. ကျွန်ုပ်၏ ကလေးတွင် အထူး ပါရမီများ သို့မဟုတ် ပင်ကိုယ်စွမ်းရည်များရှိလျှင် အထူး အစီအစဉ်များရှိပါသလား။ .. 20

**VIII. ကလေးများ၏ ပညာရေးနှင့် သင်ယူမှုတွင် မိဘများ၏ အခန်းကဏ္ဍ** ________ 21

1. ကျွန်ုပ်၏ ကလေး၏ ကျောင်းနှင့်ပတ်သက်၍ မည်သို့ သိနိုင်သနည်း။ ကျွန်ုပ်၏ ကလေးသည် ကျောင်းသား ကောင်းတစ်ယောက်ဖြစ်သလား။ ........ 21

2. ကျွန်ုပ်၏ ကလေးများသည် ကျောင်းတွင် မည်သည့် အခြေအနေရှိသည်ကို မည်သို့ သိနိုင်သနည်း။ ......... 22

3. ကျောင်းများနှင့် ပတ်သက်၍ ဆုံးဖြတ်ချက်များချရာတွင် ကျွန်ုပ်၏ မည်သို့ ကူညီ နိုင်သနည်း။ ............. 23

4. ကျွန်ုပ်၏ ကလေးများ၏ ကျောင်း၌ ကျွန်ုပ် မည်သည့်အထူးအစီအစဉ်များကို တက်ရောက် နိုင်သနည်း။ ..... 24

5. ကျွန်ုပ်၏ ကလေးများ၏ ကျောင်း၌ ကျွန်ုပ် စေတနာ့ဝန်ထမ်းလုပ်ဆောင်နိုင်သည့် နည်းလမ်း အချို့က အဘယ်နည်း။ ......... 25

6. ကျွန်ုပ်၏ ကလေးများ၏ သင်ယူမှုနှင့် ပတ်သက်၍ ကူညီရန် ကျွန်ုပ် အိမ်တွင် မည်သည့် အရာကို လုပ်ဆောင်နိုင်သနည်း။ ........ 25

7. အထက်တန်းကျောင်း ပြီးဆုံးပြီးနောက် ၎င်းတို့၏ဘဝများအတွက် ကျွန်ုပ်၏ ကလေးများအား ကူညီစီစဉ်ရန် ကျွန်ုပ် မည်သည့် အရာကို လုပ်ဆောင်နိုင်သနည်း။ ........ 28

**IX. အရွယ်ရောက်ပြီးသူ ပညာရေး** ________ 29

1. အင်္ဂလိပ်စာ လေ့လာရန် သို့မဟုတ် အခြားအတန်းများတက်ရန် မည်သည့် နေရာသို့ သွားနိုင်သနည်း။ ...... 29

# I. အမေရိကန် ပြည်ထောင်စု ကျောင်းစနစ်



အီလိနွိုက်တွင် အသက် ၇ နှစ်မှ ၁၇ နှစ်အတွင်းရှိသော ကလေးများအားလုံးသည် ကျောင်းတက်ရမည်။ ကျောင်းစာသင်နှစ်သည် ဩဂုတ်လနှောင်းပိုင်း သို့မဟုတ် စက်တင်ဘာ အစောပိုင်းတွင် စတင်ပြီး ဇွန်လတွင် ကုန်ဆုံးသည်။ ဇွန်၊ ဇူလိုင်နှင့် ဩဂုတ်လတွင် နွေရာသီအားလပ်ရက် သုံးလ ရှိပါသည်။

အမေရိကန်ပြည်ထောင်စုတွင် အစိုးရကျောင်းများနှင့် ပုဂ္ဂလိကကျောင်းများရှိသည်။ အစိုးရကျောင်းများသည် အခမဲ့ဖြစ်ပြီး ပုဂ္ဂလိက ကျောင်းများသည် ကျူရှင် (ကျောင်းလခ) ဟုခေါ်သော အခကြေးငွေတစ်ခုကို ကောက်ခံသည်။ အစိုးရကျောင်းများအတွက် ပေးရန်ငွေအချို့သည် လူထုအသိုက်အဝန်းရှိ ပိုင်ဆိုင်မှုအခွန်များမှ ရလာသည်။ သင်သည် အိမ်တစ်လုံးပိုင်လျှင် သင့်ပိုင်ဆိုင်မှုအခွန်များမှ အချို့သည် အစိုးရကျောင်းများအတွက် ပေးချေရန် အကူအညီပေးသည်။ သင်တိုက်ခန်းတစ်ခန်း ငှားလျှင် တိုက်ခန်းပိုင်ရှင်သည် ပိုင်ဆိုင်မှုအခွန်များကို ပေးသည်။ အဆောက်အအုံပိုင်ရှင်သည် ထိုအခွန်များအတွက် သင် အိမ်ငှားခ၏ အစိတ်အပိုင်းကို အသုံးပြုသည်။ အစိုးရသည် အစိုးရကျောင်းများအတွက် အခြားငွေဖြင့် ပေးရန်လည်း အကူအညီပေးသည်။

## 1. ကျွန်ုပ်၏မြို့တွင် ကျောင်းများကို မည်သို့ဖွဲ့စည်းထားသနည်း။

**ကျောင်းအုပ်စုများနှင့် ကျောင်းဘုတ်အဖွဲ့များ**

အမေရိကန်ပြည်ထောင်စုတွင် အစိုးရကျောင်းများကို ကျောင်းအုပ်စုများအဖြစ် ပိုင်းခြားထားသည်။ အုပ်စုအချို့တွင် မြို့ကြီး တစ်မြို့ သို့မဟုတ် မြို့တစ်မြို့သာပါဝင်သည်။ သို့သော် အခြားကျောင်းအုပ်စုများတွင် မြို့ကြီးတစ်မြို့ သို့မဟုတ် မြို့တစ်မြို့ ထက်ပို၍ ပါဝင်သည်။

ကျောင်းအုပ်စုတစ်ခုစီတွင် ကျောင်းဘုတ်အဖွဲ့တစ်ခုစီရှိသည်။ ကျောင်းဘုတ်အဖွဲ့၏အဖွဲ့ဝင်များသည် ၎င်းတို့၏ ကျောင်းခရိုင် အတွင်းတွင် နေထိုင်ကြသည်။ ကျောင်းဘုတ်အဖွဲ့သည် အုပ်စုတွင်းရှိ ကျောင်းများနှင့်ပတ်သက်၍ ဆုံးဖြတ်ချက်များ ချမှတ်သည်။ ဥပမာအားဖြင့် ကျောင်းအုပ်စုသည် ကျောင်းသစ်များ ဆောက်ရန် လိုအပ်လျှင် ကျောင်းဘုတ်အဖွဲ့က ဆုံးဖြတ်သည်။ ကျောင်းဘုတ်အဖွဲ့သည် ကျောင်းကြီးကြပ်ရေးမှူးကိုလည်း ရွေးချယ်သည်။ ကျောင်းကြီးကြပ်ရေးမှူးသည် ကျောင်းအုပ်စု၏ ညွှန်ကြားရေးမှူးဖြစ်သည်။

## 2. အမေရိကန် ပြည်ထောင်စုတွင် မည်သို့သော ကျောင်းအမျိုးအစားများ ရှိသနည်း။

အမေရိကန်ပြည်ထောင်စုတွင် ကျောင်းအမျိုးအစား များစွာရှိသည်။

**မူကြို (အသက် ၃ နှစ် သို့မဟုတ် ၄ နှစ်)**။ ကလေးအချို့သည် မူကြိုကျောင်းတက်ကြသည်။ မူကြိုတွင် ကလေးများသည် အခြားကလေးများနှင့်ကစားပြီး ဆရာများ၏ စကားကို နားထောင်ရန်လည်း သင်ယူသည်။ မူကြိုတွင် ကလေးများသည် မူလတန်းရောက်သောအခါ ကောင်းစွာသင်ယူနိုင်ရန် အကူအညီပေးသော စွမ်းရည်များ ဖွံ့ဖြိုးလာသည်။ ကျောင်းသားများသည် များသောအားဖြင့် တစ်ပတ်တွင် ၂ ရက် ၃ ရက် သို့မဟုတ် ၅ ရက်တက်ပြီး တစ်ရက်တွင် နာရီအနည်းငယ်မျှ တက်ရောက်သည်။ ကျောင်းတိုင်းတွင် မူကြိုမရှိပါ။ အချို့ မူကြိုများသည် အခကြေးငွေမယူပါ။ အချို့ မူကြိုများသည် ကျောင်းလခကောက်ခံသည်။

**သူငယ်တန်း (အသက် ၅ နှစ်)**။ စက်တင်ဘာ ၁ ရက်မတိုင်မီ သို့မဟုတ် စက်တင်ဘာလ ၁ ရက်နေ့တွင် ကလေးများသည် အသက် ၅ နှစ်ပြည့်လျှင် သူငယ်တန်းသို့ တက်ရောက်နိုင်သည်။ ကလေးများသည် သူငယ်တန်းကို တက်ရောက်ရန် မလိုပါ။ သို့သော် ကလေးအများစုသည် သူငယ်တန်းကို တက်ရောက်ကြပါသည်။ ၎င်းတို့သည် တနင်္လာမှ သောကြာနေ့အထိ သူငယ်တန်းကို တက်ရောက်ကြသည်။ သူငယ်တန်း အတန်းအများစုသည် နေ့ဝက်ဖြစ်ပြီး အချို့မှာ တစ်နေကုန်ဖြစ်သည်။

**ဂရိတ် (Grades) ၁ – ၈ (မူလတန်း/အလယ်တန်း/အထက်တန်း အငယ်တန်း)**။ အမေရိကန် ပြည်ထောင်စုတွင် ကျောင်းနှစ်များကို ဂရိတ်များ(Grades) များဟုခေါ်သည်။ ကလေးများသည် တနင်္လာမှ သောကြာနေ့အထိ တစ်ရက်စီတွင် ငါးနာရီခွဲမှ ခုနှစ်နာရီအထိ ကျောင်းတက်ကြသည်။ ပိုငယ်ရွယ်သောကလေးများသည် များသောအားဖြင့် စာသင်ခန်းတစ်ခန်းထဲတွင်နေကြပြီး ကျောင်းစာ သင်နှစ် တစ်နှစ်လုံးအတွက် ဆရာတစ်ယောက်တည်းသာ ရှိသည်။ အသက်ပိုကြီးသော ကျောင်းသားများသည် များသော အားဖြင့် တစ်ရက်ထဲတွင် ၆ ချိန်မှ ၈ ချိန်အထိ ဘာသာရပ်မတူသော အတန်းအမျိုးမျိုးရှိသည်။ ၎င်းတို့သည် စာသင်ခန်း အမျိုးမျိုးသို့ ပြောင်းပြီး ဘာသာရပ်တစ်ခုစီအတွက် ဆရာအသီးသီး ရှိသည်။ ဂရိတ် ၅ (grade 5) သို့မဟုတ် ဂရိတ် ၆ (grade 6)မှ ၈ အထိ အတန်းများရှိသော ကလေးများအတွက် ကျောင်းကို အလယ်တန်း သို့မဟုတ် အထက်တန်း အငယ်တန်း ကျောင်းများဟု ခေါ် သည်။

**ဂရိတ် (Grades) ၉–၁၂ (အထက်တန်း)**။ များသောအားဖြင့် ကလေးများသည် အသက် ၁၄ နှစ်တွင် အထက်တန်းကျောင်းသို့ သွားပြီး အသက် ၁၈ နှစ်တွင် အထက်တန်းကျောင်းမှ ကျောင်းပြီးကြသည်။ အထက်တန်း ကျောင်းသားများသည် စာသင် ခန်းများကို ပြောင်းရပြီး တစ်ရက်အတွင်းတွင် ဆရာအသီးသီးရှိသည်။ အထက်တန်းကျောင်းသည် အလုပ်အကိုင်များအတွက် သို့မဟုတ် ကွန်မြူနတီကောလိပ် သို့မဟုတ် တက္ကသိုလ် တစ်ခု၌ သင်ယူလေ့လာမှုများအတွက် ကျောင်းသားများကို ပြင် ဆင်ပေးသည်။

**ကျောင်းချိန် မတိုင်မီနှင့် နောက်ပိုင်း အစီအစဉ်များ။** ကျောင်းအချို့တွင် ကျောင်းမဖွင့်မီ ကလေး စောင့်ရှောက်မှု အစီအစဉ်များရှိသည်။ ထိုကျောင်းများ၌ မိဘများသည် ၎င်းတို့၏ ကလေးများအား ကျောင်းချိန်မစတင်မီ ကျောင်းသို့ ခေါ်ဆောင် လာနိုင်ကြသည်။ ကျောင်းအချို့တွင် ကလေးများအတွက် ကျောင်းချိန်နောက်ပိုင်း အစီအစဉ်လည်း ရှိသည်။ ထိုကျောင်းများတွင် ကလေးများသည် ဂီတ၊ အားကစားများ၊ အိမ်စာအကူ သို့မဟုတ် တခြားအစီအစဉ်များအတွက် ကျောင်းချိန်နောက်ပိုင်း အစီအစဉ်တွင် စာရင်းပေးသွင်းနိုင်သည်။ ကျောင်းအချို့သည် ဤအစီအစဉ်များအတွက် အခကြေးငွေကောက်ခံသည်။

သင်သည် သင်၏ကလေးများကို အထူးအစီအစဉ်များတွင် စာရင်းပေးရမည်ဖြစ်ပြီး ကျောင်းချိန်နောက်ပိုင်းတွင် သင့်ကလေးများသည် စောစီးစွာလာနိုင်ရန် သို့မဟုတ် နောက်ကျ၍ နေရန် သင်၏ စာဖြင့်ရေးထားသော ခွင့်ပြုချက်ကို ပေးရမည်။

**နွေရာသီကျောင်း**။ မူလတန်းနှင့် အထက်တန်းကျောင်း များစွာသည် နွေရာသီကျောင်းကို ကမ်းလှမ်းသည်။ နွေရာသီ တွင်ရှိသော အတန်းအချို့သည် ကျောင်းတွင် ထပ်ဆောင်းအကူအညီလိုအပ်သော ကျောင်းသားများအတွက် ဖြစ်သည်။ အချို့ အတန်းများသည် ကွန်ပြူတာအတန်းများကဲ့သို့သော ခေါင်းစဉ်များ သို့မဟုတ် အထူးအစီအစဉ်များအတွက် ဖြစ်သည်။ နွေကျောင်းများအတွက် အခကြေးငွေပေးကောင်း ပေးရနိုင်သည်။

**အထက်တန်းကျောင်းပြီးနောက်**။ အထက်တန်းကျောင်းမှ ကျောင်းပြီးသော ကျောင်းသားများသည် အလုပ်လုပ်ရန် သို့မဟုတ် စစ်တပ်ထဲဝင်ရန် ရွေးချယ်နိုင်သည်။ ကျောင်းသားများသည် အသက်မွေးဝမ်းကျောင်း ကျောင်းများ၊ ကွန်မြူနတီကောလိပ်များ သို့မဟုတ် လေးနှစ်ကောလိပ်များ သို့မဟုတ် တက္ကသိုလ်များ၌ ဆက်လက်ပညာသင်ကြားလိုကောင်း သင်ကြားလိမ့်မည်။

အမေရိကန်ပြည်ထောင်စုတွင် ပုဂ္ဂလိကနှင့် အစိုးရလေးနှစ်တာ ကောလိပ်များနှင့် တက္ကသိုလ်များစွာ ရှိသည်။ ပုဂ္ဂလိကနှင့် အစိုးရတက္ကသိုလ် ကောလိပ်များသည် ဈေးအလွန်ကြီးကောင်း ကြီးနိုင်သည်။ ကျောင်းသားများသည် ပညာသင်ဆုများနှင့် ၎င်းတို့၏ပညာရေးအတွက် အကူအညီပေးသော ချေးငွေများအား လျှောက်ထားနိုင်သည်။ ယယ်ရွယ်သော လူငယ်အချို့သည် အခမဲ့ ပညာရေး ရရှိရန် စစ်တပ်ထဲသို့ ဝင်ကြပါသည်။

ကွန်မြူနတီကောလိပ်များသည် ပိုင်ဆိုင်မှုအခွန်များနှင့် အစိုးရက ငွေကြေးထောက်ပံ့ပေးထားသော ၂ နှစ်တာ အစိုးရကျောင်းများဖြစ်သည်။ ဤကောလိပ်များသည် ပုဂ္ဂလိက သို့မဟုတ် အစိုးရတက္ကသိုလ်များထက် ပို၍ဈေးသက်သာသည်။ ကွန်မြူနတီကောလိပ်ကို ၂ နှစ်တာမျှတက်ပြီး နောက်ပိုင်းတွင် ကျောင်းသားများသည် ပေါင်းစပ်ဝိဇ္ဇာဘွဲ့ကို ရရှိနိုင်သည်။ သို့မဟုတ် ၎င်းတို့၏ သင်ယူမှုများကို ဆက်လက်ရန် လေးနှစ်တက္ကသိုလ်တစ်ခုသို့ ကူးပြောင်းနိုင်သည်။

## 3. အထက်တန်း မပြီးသော ကျောင်းသားများအတွက် ကျောင်းများရှိပါသလား။

ကလေးများသည် အထက်တန်းမှ ဘွဲ့ရရှိရန် ဂရိတ် (grade) ၁ မှ ၁၂ အထိ ကျောင်းတက်ရမည်။ အထက်တန်းကျောင်းမှ ကျောင်း ပြီးရန် အလွန်အရေးကြီးသည်။ တက္ကသိုလ်အများစုနှင့် အလုပ်ရှင်များသည် အထက်တန်းဒီပလိုမာတစ်ခု လိုအပ်တောင်းဆို ပါသည်။ သို့သော် ကျောင်းသားအချို့သည် အထက်တန်းကျောင်းမှ ဘွဲ့မရမီ ကျောင်းထွက်ကြပါသည်။ ၎င်းတို့သည် ကျောင်းမပြီးဘဲ ကျောင်းထွက်ကြသည်။ ထိုကျောင်းသားများအတွက် အစီအစဉ် အသီးသီးရှိသည်။

**ညနေပိုင်း အတန်းများ** ။ အချို့အထက်တန်းကျောင်းများတွင် ကျောင်းမပြီးဘဲ ကျောင်းထွက်သော ကျောင်းသားများ အတွက် ညနေပိုင်း အတန်းများရှိသည်။

**သမရိုးကျမဟုတ်သော အထက်တန်းကျောင်း** ။ ကျောင်းအုပ်စုအချို့တွင် သမရိုးကျ မဟုတ်သော အထက်တန်းကျောင်းများ ရှိသည်။ ထိုကျောင်းများသည် ပုံမှန်အထက်တန်းကျောင်းမှ မတူသော အဆောက်အအုံတစ်ခုတွင် များသောအားဖြင့် ကျောင်းငယ် လေးများဖြစ်သည်။

**GED အတန်းများ**။ အထွေထွေပညာရေးဖွံ့ဖြိုးမှု (GED) စစ်ဆေးမှုများအောင်ရန် အရွယ်ရောက်သူများကို အထောက်အကူပြုသောနေ့ပိုင်းနှင့် ညနေပိုင်းအတန်းများရှိသည်။ အရွယ်ရောက်ပြီးသူများသည် အထက်တန်းဒီပလိုမာကဲ့သို့သော GED ကို အသုံးပြုနိုင်သည်။ တက္ကသိုလ်အများစုနှင့် အလုပ်ရှင်များသည် GED ကို လက်ခံပါသည်။ ဒေသဆိုင်ရာပြည်သူ့ စာကြည့်တိုက်များခွဲများတွင် များသောအားဖြင့် GED အတန်းများနှင့်ပတ်သက်၍ သတင်းအချက်အလက်များ ရှိသည်။

# II. ကျောင်းအပ်ခြင်း




## 1. ကျွန်ုပ်၏ကလေးများကို မည်သို့ ကျောင်းအပ်နိုင်သနည်း။ မည်သည့် စာရွက်စာတမ်းများ လိုအပ်သနည်း။

**ကျောင်းအပ်ခြင်းအတွက် လိုအပ်နိုင်သော စာရွက်စာတမ်းများ**

- ရရှိနိုင်ပါက မွေးနေ့ သက်သေခံ (ကလေး၏ မွေးစာရင်း)
- လူမှုဖူလုံရေး နံပါတ်၊ ရရှိနိုင်မှသာ (မပေးလျှင်လည်း ရသည်)
- ကျန်းမာရေး အထောက်အထားများ၊ သင် ဖြည့်ပြီး ကျောင်းသို့ ပြန်ပေးရန်လိုအပ်သည့် ဆေးကုသရေးနှင့် သွားဘက်ဆိုင်ရာ ပုံစံများ ကျောင်းတွင် ရှိသည်။
- လိပ်စာသက်သေခံ (ဥပမာ — ပြည်သူ့ဝန်ဆောင်မှု ကျသင့်ငွေတောင်းခံလွှာတစ်ခု၊ တိုက်ခန်းအငှားစာချုပ်၊ အပေါင်စာရင်း သို့မဟုတ် အိမ်ပိုင်ဆိုင်မှုသက်သေပြမှု၊ လစာ ချက်လက်မှတ် သို့မဟုတ် လစာ ဖြတ်ပိုင်း၊ လိပ်စာတပ်ထားသောစာ၊ ယာဉ်အမည် သို့မဟုတ် မှတ်ပုံတင်ကဒ်၊ သက်တမ်းရှိ အီလီနွိုက် ယာဉ်မောင်းလိုင်စင် သို့မဟုတ် နိုင်ငံတော်ပြုလုပ်ထားသော ကျမ်းကျိန်လွှာ (ကျိန်ဆို ဖော်ပြချက်) နေထိုင်ကြောင်းပြ အထောက်အထားများ။
- ရရှိနိုင်ပါက ယခင်ကျောင်း(များ)မှ ကျောင်းသားများ ပညာရေးမှတ်တမ်းများ၊ ဥပမာအားဖြင့် ကျောင်းသား မိဘများသည် အမေရိကန်ကျောင်းများ သို့မဟုတ် ၎င်းတို့၏မိခင်နိုင်ငံများ၏ ကျောင်းများမှ ကျောင်းမှတ်တမ်းများ ရှိကောင်း ရှိနိုင်သည်။

ကျောင်းအပ်ရန်အတွက် ယူလာရန် စာရွက်စာတမ်းများစာရင်းကို ကျောင်းတွင်တောင်းပါ။

သင့်ကလေးနှင့် မိသားစုများနှင့်ပတ်သက်၍ သတင်းအချက်အလက်များအတွက် ပုံစံများကိုဖြည့်ရန် ကျောင်းသည် သင့်ကို ပြောလိမ့်မည်။ ကျောင်းသားအသစ်အားလုံးအတွက် အိမ်ဘာသာစကား စစ်တမ်းကို ဖြည့်သည်။ အိမ်တွင် အသုံးပြုသည့် ဘာသာစကား စစ်တမ်းသည် သင့်၏အိမ်တွင် တစ်ယောက်ယောက်သည် အခြားဘာသာစကားကို ပြောဆိုသလား၊ သင်၏ကလေးသည် အခြားဘာသာစကားကို ပြောဆိုသလား မေးမြန်းသည်။ အင်္ဂလိပ်ဘာသာစကားထက် အခြားဘာသာစကားတစ်ခုကို ပြောဆိုသောနိုင်ငံမှ ကလေးများအတွက် ကျောင်းများသည် အင်္ဂလိပ်စာစစ်ဆေးမှုပြုလုပ်ပါသည်။ အင်္ဂလိပ်ဘာသာစကား မကျွမ်းကျင်သော ကျောင်းသားများကို နှစ်ဘာသာ ပညာရေး သို့မဟုတ် အင်္ဂလိပ်ဘာသာစကားကို သည် ဒုတိယ ဘာသာစကားအဖြစ်(ESL) သင်ယူခြင်း အတန်းများတွင် နေရာချထားပေးသည်။

## 2. ကျောင်းစတင် မတက်ရောက်နိုင်မီ ကျွန်ုပ်၏ ကလေးများသည် မည်သည့်ဆေးကုသရေး ပုံစံများနှင့် စစ်ဆေးမှုများ လိုအပ်ပါသနည်း။

ကလေးများသည် ပထမဆုံးအကြိမ် ကျောင်းဝင်သောအခါ ၎င်းတို့သည် ရုပ်ပိုင်းဆိုင်ရာ စစ်ဆေးမှုတစ်ခု ခံယူရမည်။ ဆရာဝန်သည် ဆေးကုသရေးဆိုင်ရာ ပုံစံတစ်ခုကို ဖြည့်လိမ့်မည်။ ထိုဆေးကုသရေးဆိုင်ရာ ပုံစံတွင် ကာကွယ်ဆေးထိုး မှတ်တမ်းများ ပါဝင်သည်။ ကလေးများသည် သူငယ်တန်း သို့မဟုတ် ဂရိတ် (grade) ၁ ၊ ဂရိတ် (grade) ၆ နှင့် ဂရိတ် (grade) ၉ အတန်းများသို့ တက်သောအခါ ဆေးစစ်ဆေးမှုတစ်ခု ရှိရမည်။ ကလေးများတွင် လိုအပ်သော ဆေးကုသရေးဆိုင်ရာ ပုံစံများ ဖြည့်ထားပြီး မရှိလျှင် ကျောင်းဖွင့် သော အခါ အတန်းများကိုတက်ရန် ခွင့်ပြုလိမ့်မည်မဟုတ်ပါ။

**ကာကွယ်ဆေးထိုးခြင်းများ** ။ အောက်ဖော်ပြပါ ရောဂါများအတွက် ကျောင်းသားအားလုံးသည် ကာကွယ်ဆေး ထိုးပြီးသားရှိရမည်။

- ဆုံဆို့နာ၊ ကြက်ညှာ၊ မေးခိုင်ရောဂါ (DPT)
- ပိုလီယိုရောဂါ
- ဝက်သက်ရောဂါ
- ရူဘဲလ်လာ (ဂျာမန်ဝက်သက်ရောဂါ)
- ပါးချိတ်ရောင်ရောဂါ
- အသည်းရောင်အသားဝါ ဘီ (မူကြို သို့မဟုတ် ဂရိတ် (grade) ၅ သို့မဟုတ် အထက် အတန်းတွင် ကျောင်းအပ်သော ကလေးများ)
- သွေးလွန် တုပ်ကွေး အမျိုးအစား ဘီ (မူကြိုကျောင်းအပ်သောကလေးများ)
- Varicella (ရေကျောက် ရောဂါ) (မူကြိုမှ ဂရိတ် (grade) ၁၀ အထိ ကျောင်းအပ်သောကလေးများ)
- Tdap သက်သေပြမှု (DPT ထောက်ကူဆေး) (ဂရိတ် (grade) ၆ နှင့် ဂရိတ် (grade) ၉ အတန်းတွင် အပ်သော ကလေးများ)

## 3. ကျွန်ုပ်တို့၏မိခင်နိုင်ငံ သို့မဟုတ် အခြားနိုင်ငံတစ်ခုတွင် ကျွန်ုပ်၏ကလေးများသည် ဤကာကွယ် ဆေးများကို ထိုးခဲ့လျှင် ဘာဖြစ်မည်နည်း။

ကလေးတစ်ယောက်သည် အခြားနိုင်ငံ သို့မဟုတ် ပြည်နယ်တစ်ခုတွင် ဤကာကွယ်ဆေးများအနက် အချို့ကို ထိုးထားလျှင် မိဘများသည် ကလေး၏ရုပ်ပိုင်းဆိုင်ရာ စစ်ဆေးမှု၌ ဆရာဝန်အား ဆေးဝါးဆိုင်ရာ မှတ်တမ်းတစ်ခုကို ပြရန်လိုသည်။ ဤကာကွယ်ဆေးများအတွက် ဆေးဝါးဆိုင်ရာ မှတ်တမ်းမရှိလျှင် ကလေးများသည် နောက်ထပ်ကာကွယ်ဆေးများထိုးရမည်။

## 4. ကျောင်းမအပ်မီ ကျွန်ုပ်၏ ကလေးများအား သွားဆရာဝန်နှင့် ပြရန် လိုအပ်ပါသလား။

ကလေးများသည် သူငယ်တန်း၊ ဂရိတ် (grade) ၂ နှင့် ဂရိတ် (grade) ၆ မစတင်မီ သွားစစ်ဆေးမှုတစ်ခု လိုအပ်ပါသည်။ သွားဆရာဝန်သည် ကျောင်းအတွက် သွားဘက်ဆိုင်ရာ စစ်ဆေးမှုပုံစံတစ်ခုကို ဖြည့်ရမည်။

## 5. ကျွန်ုပ်၏ ကလေးများသည် အခြားမည်သည့် စစ်ဆေးမှုများ လိုအပ်သနည်း။

သူငယ်တန်းသို့ ကျောင်းအပ်သောကလေးများ သို့မဟုတ် အီလိနွိုက်ကျောင်းများတွင် ပထမဆုံးအကြိမ် ကျောင်းအပ်သော ကလေးများသည် မျက်လုံးစစ်ဆေးမှု တစ်ခုလိုအပ်ပါသည်။ မူကြိုအပ်သော ကလေးများသည် မျက်လုံးစစ်ဆေးမှု တစ်ခုမလိုအပ်ပါ။ မျက်လုံး ကုသစောင့်ရှောက်မှုပေးသော ဆေးပညာဆိုင်ရာ ဆရာဝန် သို့မဟုတ် လိုင်စင်ရ စက္ခုအာရုံပညာရှင်တစ်ယောက်က စစ်ဆေးမှုကို ပြုလုပ်ရမည်။

မူလတန်းကျောင်းအများစုတွင် ကလေးများသည် အမြင်အာရုံ (မျက်လုံး) အတွက်စစ်ဆေးမှု၊ အကြား အာရုံ (နား)အတွက် စစ်ဆေးမှုနှင့် ကျောကုန်း ပြဿနာ အတွက် စစ်ဆေးမှုများ ခံယူရသည်။ မျက်မှန်တပ်သောကလေးများသည် အမြင်အာရုံ စစ်ဆေးမှုမခံယူရပါ။ စစ်ဆေးမှုသည် ကလေး တစ်ယောက်၏အမြင်၊ အကြား သို့မဟုတ် ကျောနှင့် ပတ်သက်၍ ပြဿနာတစ်ခုကို ဖော်ပြလျှင် ကျောင်းသည် ကလေး၏မိဘများထံသို့ စာတစ်စောင်ပို့သည်။ ကျောင်းမှ စာတစ်စောင်ရရှိလျှင် သင်သည် သင်၏ကလေးအား ပြီးပြည့်စုံသောစစ်ဆေးမှု ပြုလုပ် သော ဆရာဝန်တစ်ယောက်တစ်ယောက်ထံသို့ သို့မဟုတ် ဆေးခန်းတစ်ခုသို့ ခေါ်ဆောင်သင့်သည်။

## 6. ရုပ်ပိုင်းဆိုင်ရာ စစ်ဆေးမှုအတွက် ကျွန်ုပ်တို့ မည်သည့်နေရာသို့ သွားနိုင်သနည်း။

ကလေးများသည် ဆရာဝန်ရုံးခန်း သို့မဟုတ် ဆေးခန်းတစ်ခု၌ ရုပ်ပိုင်းဆိုင်ရာစစ်ဆေးမှုများနှင့် ကာကွယ် ဆေးထိုးခြင်းများကို ရရှိနိုင်သည်။ ကျောင်းအားလုံးတွင် အခမဲ့ သို့မဟုတ် ကုန်ကျမှုနည်းသော စစ်ဆေးမှုများနှင့် ကာကွယ်ဆေးထိုးခြင်းများရှိသည်။

# III. ကျောင်းပြက္ခဒိန်နှင့် ကျောင်းတက်ရက်များ




## 1. ကျွန်ုပ်၏ ကလေးများသည် နေ့စဉ် ကျောင်းတွင် မည်မျှ ကြာကြာ ရှိနေသနည်း။

ကျောင်းအများစုသည် ဩဂုတ်လနောက်ဆုံးအပတ် သို့မဟုတ် စက်တင်ဘာ ပထမအပတ်တွင်စတင်ပြီး ဇွန်လပထမအပတ် သို့မဟုတ် ဒုတိယအပတ်တွင် ပိတ်သည်။ အချို့ကျောင်းများသည် တစ်နှစ်ပတ်လုံး လည်ပတ်နေသည်။ များသောအားဖြင့် ကျောင်းချိန်သည် ၅ နာရီခွဲ သို့မဟုတ် ၇ နာရီရှည်လျားသည်။ ကျောင်းသားများသည် များသောအားဖြင့် ကျောင်း၌ နေ့လယ်စာစားသည်။ ကျောင်းသားအချို့သည် နေ့လယ်စာကို ကျောင်းသို့ ယူဆောင်လာကြသည်။ ကျောင်းအချို့တွင် ကျောင်းသားများသည် ၎င်းတို့၏ နေ့လယ်စာကို ကျောင်း၌ ဝယ်ကြသည်။

## 2. ကလေးများ ကျောင်းတွင်မရှိသော အားလပ်ရက်များ သို့မဟုတ် နေ့ထူးနေ့မြတ်များရှိသလား။

ကျောင်းအများစုတွင် ဒီဇင်ဘာနောက်ဆုံးအပတ်မှ ဇန်နဝါရီပထမအပတ်ထိ နှစ်ပတ်တာ ဆောင်းရာသီ ကျောင်းပိတ်ရက်ရှိသည်။ ၎င်းတို့တွင် နွေဦးရာဦတွင်လည်း တစ်ပတ်တာကျောင်းပိတ်ရက် ရှိသည်။ ကျောင်းများပိတ်သည့် နိုင်ငံတော် အားလပ်ရက် အချို့မှာ

- Labor Day: စက်တင်ဘာလ၏ ပထမဆုံး တနင်္လာနေ့
- Thanksgiving: နိုဝင်ဘာလ၏ စတုတ္ထမြောက် ကြာသပတေးနေ
- New Year’s Day: ဇန်နဝါရီ ၁ ရက်
- Martin Luther King Day: ဇန်နဝါရီလ၏ တတိယမြောက် တနင်္လာနေ့
- Presidents’ Day: ဖေဖော်ဝါရီ၏ တတိယမြောက် တနင်္လာနေ့
- Memorial Day: မေလ၏ စတုတ္ထမြောက် တနင်္လာနေ့

အခြားနေ့များတွင်လည်း ကျောင်းများကို ပိတ်သည်။ ကျောင်းများသည် ၎င်းတို့၏ကိုယ်ပိုင် အားလပ်ရက်အချို့ကို သတ်မှတ်သည်။ အဖွဲ့အစည်းဆိုင်ရာနေ့များတွင် ဆရာများအတွက် အထူးအစည်းအဝေးများရှိသည်။ တစ်ခါတစ်ရံ အဖွဲ့အစည်းဆိုင်ရာနေ့များတွင် ကျောင်းပိတ်သည်။ အခြားအချိန်များတွင် ကျောင်းသားများသည် အိမ်သို့စောစောပြန်ကြသည်။ ကလေးများအိမ်သို့ စောစောပြန်သောအခါ စောစောလွှတ်သော နေ့ဟုခေါ်သည်။ ကျောင်းပြက္ခဒိန်သည် အဖွဲ့အစည်းဆိုင်ရာနေ့များအတွက် ကလေးများ အိမ်တွင်နေရမည့်ရက်များ၊ အားလပ်ရက်များ၊ ကျောင်းပိတ်ရက်များ သို့မဟုတ် စောစောလွှတ်သောနေ့များကို စာရင်းပြုစုပေးထားသည်။ ကျောင်းမပိတ်သော ဘာသာရေးဆိုင်ရာ အားလပ်ရက်တစ်ခုအတွက် သင်၏ကလေးသည် အိမ်မှာနေရန်လိုအပ်လျှင် သင့်ကလေး၏ ပျက်ကွက်မှုကို သတင်းပို့ရန် ကျောင်းကိုဖုန်းဆက်ပါ။

**ကျောင်း ပိတ်ခြင်းများ။** တစ်ခါတစ်ရံ ရာသီဥတု အလွန်ဆိုးရွားသောအခါ ကျောင်းပိတ်သည်။ ဥပမာအားဖြင့် အပြင်တွင် နှင်းအများကျနေရှိလျှင် သို့မဟုတ် လေဆင်နှာမောင်းတစ်ခုရှိလျှင် ကျောင်းသည် ပိတ်ကောင်း ပိတ်နိုင်သည်။ သင့်၏ကလေးများ ကျောင်းကို ပိတ်သလားဆိုသည်ကိုသိရန် နံနက်ပိုင်းတွင် ရေဒီယို နားထောင်နိုင်သည် သို့မဟုတ် ရုပ်မြင်သံကြားသတင်းများကို ကြည့်နိုင်သည်။

## အကူအညီပေးသော အကြံဉာဏ်

**သင့်၏ကလေးကို ကျောင်းအပ်သောအခါ ကျောင်းပြက္ခဒိန်ကို တောင်းပါ။**

# IV. ကျောင်းသို့ သွားရောက်ခြင်း




## 1. ကျွန်ုပ်၏ ကလေးများသည် နေ့စဉ် ကျောင်းသို့ မည်သို့သွားပြီး ကျောင်းမှ မည်သို့ ပြန်လာနိုင်သနည်း။

ကျောင်းနှင့်နီးနီးကပ်ကပ် နေသောကလေးများသည် များသောအားဖြင့် ကျောင်းသို့လမ်းလျှောက်ကြသည်။ ကျောင်းနှင့် ဝေးသော နေရာတွင် နေသောကလေးများသည် များသောအားဖြင့် ကျောင်းကား သို့မဟုတ် အများပြည်သူသုံး သယ်ယူပို့ဆောင်ရေးများကို အသုံးပြုကြပါသည်။ ကျောင်းကားများသည် အခမဲ့ သို့မဟုတ် စရိတ်သက်သာသည်။ သင်၏ကလေးသည် ကျောင်းကားစီးလျှင် သင့်သိရန် လိုအပ်သည့်အရာမှာ

- ကျောင်းကားအရေအတွက်
- သင့်ကလေး ကျောင်းကား တက်စီးသည့်နေရာ
- သင့်ကလေး ကျောင်းကား တက်စီးသည့်အချိန်
- သင့်ကလေး ကျောင်းကားပေါ်မှ ဆင်းသည့်နေရာ
- သင့်ကလေး ကျောင်းကားပေါ်မှ ဆင်းသည့်အချိန်

# V. ကျောင်း လုပ်ငန်းစဉ်များ



## 1. ကျွန်ုပ်၏ ကလေးနေမကောင်းလျှင် ကျွန်ုပ် ဘာလုပ်သင့်သနည်း။

ကလေးများသည် နေမကောင်းဖြစ်လျှင် ၎င်းတို့သည် အိမ်တွင်နေသင့်သည်။ တစ်ခါတစ်ရံ မိဘများသည် အလုပ်သို့ သွားရမည်ဖြစ်ပြီး ကလေးနှင့်အတူ အိမ်တွင် မနေနိုင်သောကြောင့် နေမကောင်းသော ကလေးကို ကျောင်းသို့ပို့တတ်ကြသည်။ သို့သော် နေမကောင်းသော ကလေးသည် မကြာခဏ အခြားကျောင်းသား ကလေးများကို နေမကောင်းဖြစ်စေသည်။ ကျောင်းအများစုသည် အကယ်၍ အောက်ပါအခြေအနေတစ်ရပ်ရှိလျှင် မိဘများအား ၎င်းတို့၏ကလေးများကို ကျောင်းသို့မပို့စေလိုပါ။

- ကလေးသည် 100ºF သို့မဟုတ် ထိုထက်မြင့်သော အဖျားရှိလျှင်
- ကလေးသည် ကျောင်းသို့မလာမီ နံနက်ပိုင်း သို့မဟုတ် ညပိုင်းတွင် အော့အန်ခဲ့လျှင်
- ကလေးသည် ချောင်းအလွန်အကျွံဆိုးနေလျှင်
- ကလေးသည် အရေပြား အဖုအပိန့်ထွက်လျှင် သို့မဟုတ် နာနေလျှင်
- ကလေးတွင် သန်းရှိလျှင် (မိဘများသည် ကလေး၏ဆံပင်ကို အထူးခေါင်း လျှော်ရည်ဖြင့် ဆေးကြောပြီး ဆံပင်မှ သန်းဥများကို ဖယ်ရှားရမည်။ ထိုသို့ပြုလုပ်ပြီးနောက် ပိုင်းတွင် ကလေးသည် ကျောင်းသို့ပြန်သွားနိုင်သည်။)
- ကလေးတစ်ယောက်သည် ရေကျောက်ပေါက်လျှင် (ကလေးသည် ရေကျောက်ပေါက် စပေါက်ပြီး ၇ ရက်ကြာ မျှ အိမ်တွင် နေရမည်။)
- ကလေးသည် လည်ချောင်းနာလျှင် (ပဋိဇီဝဆေးသောက်ပြီး ၂၄ နာရီ သို့မဟုတ် ၄၈ နာရီနောက်ပိုင်းတွင် ကလေးသည် ကျောင်းပြန်သွားနိုင်သည်
- ကလေးတွင် ကြက်သွေးရောင်အင်ပြင်ထသည့် ငန်းဖျားရှိလျှင် (ပဋိဇီဝဆေးသောက်ပြီး ၂၄ နာရီ သို့မဟုတ် ၄၈ နာရီကြာပြီးနောက်ပိုင်းတွင် ကလေးများသည် ကျောင်းသို့ပြန်သွားနိုင်သည်။
- ကလေးသည် မျက်စိနာနေလျှင် (မျက်မြေးရောင်နာ)

ကလေးစာသင်ခန်းတွင် ကျောင်းသားတစ်ယောက်သည် ရေကျောက်ရောဂါ၊ လည်ချောင်းနာ၊ ကြက်သွေးရောင်အင်ပြင်ထသည့် ငန်းဖျား သို့မဟုတ် သန်းများကဲ့သို့သော ကူးစက်တတ်သော နာမကျန်းမှုများရှိလျှင် ကျောင်းများသည် များသောအားဖြင့် မိဘများထံသို့ စာပို့သည်။ သင့် ကလေးနေမကောင်းလျှင် သင် သိနိုင်စေရန် မည်သည့်အရာကို ရှာဖွေရမည်ကို ဤစာက သင့်အား ပြောပြလိမ့်မည်။

## 2. ကျွန်ုပ်၏ ကလေးသည် ကျောင်းတွင် ဆေးသောက်ရမည်ဆိုလျှင် ဘာဖြစ်မည်နည်း။

အမှန်တကယ် လိုအပ်သည် မဟုတ်လျှင် မိဘများသည် ကလေးများနှင့်အတူ ဆေးဝါးများကို ကျောင်းသို့မပို့သင့်ပါ။ ကလေးများကို ကျောင်း၌ ၎င်းတို့ကိုယ်တိုင် ဆေးသောက်ရန် ခွင့်မပြုပါ။ အကယ်၍ ကလေးတစ်ယောက်သည် ကျောင်းတွင် ဆေးသောက်ရန် လိုအပ်လျှင် မိဘများသည် ကျောင်းသူနာပြုထံသို့ အကြောင်းကြားမှတ်စုတစ်ခု ရေးသင့်သည်။ ထိုကလေး သည် သူနာပြုရုံးခန်းသို့ ဆေးဝါးများကို ယူဆောင်သင့်သည်။ ကျောင်းအချို့သည် ဆရာဝန်မှတ်စု ဖော်ပြချက် လိုကောင်း လိုလိမ့်မည်။

မိဘများသည် ဆေးပုလင်းများကို လွယ်အိတ် သို့မဟုတ် စာအိတ်တစ်ခုဖြင့်မဟုတ်ဘဲ မူလဆေးပုလင်းဖြင့်သာ ကျောင်းသို့ ပို့သင့်သည်။ ပုလင်းတွင် အောက်ပါတို့ပါသည့် အမှတ်တံဆိပ်ပါရှိရမည်။

- ကလေး၏အမည်
- ဆရာဝန်၏အမည်
- ဆေး၏အမည်
- ဆေးပေးရမည့် ပမာဏနှင့် ပေးရမည့်အချိန်

ကလေးသည် ဆေးသောက်ရန် သူနာပြုရုံးခန်းသို့ လာရမည်။

## 3. ကျွန်ုပ်၏ ကလေး ကျန်းမာရေးနှင့်ပတ်သက်၍ မေးမြန်းစရာရှိလျှင် မည်သူ့ကို ဖုန်းဆက်သင့် သနည်း။

ကျောင်း၌ သင်၏ကလေးကျန်းမာရေးနှင့်ပတ်သက်၍ မေးမြန်းစရာရှိလျှင် ကျောင်းသူနာပြု သို့မဟုတ် ကျန်းမာရေး စာရေးကို ဖုန်းဆက်ပါ။ ကျောင်းပျက်ကွက်မှုကို သင် သတင်းပို့မည်ဆိုလျှင် ကျောင်း အတွင်းရေးမှူးကို ဖုန်းဆက်ပါ။

## 4. ကျွန်ုပ်၏ ကလေးသည် ကျောင်းတွင် နေမကောင်းဖြစ်လျှင် သို့မဟုတ် မတော်တဆ မှုဖြစ်လျှင် ကျောင်းသည် ကျွန်ုပ်အား မည်သို့ အကြောင်းကြားနိုင်သနည်း။

သင်၏ကလေးသည် နေမကောင်းဖြစ်လျှင် သို့မဟုတ် ကျောင်း၌ မတော်တဆထိခိုက်မှုတစ်ခုဖြစ်လျှင် ကျောင်းသည် သင့်ကို သို့မဟုတ် အရေးပေါ်ကဒ်ပေါ်၌ ပါရှိသော ပုဂ္ဂိုလ်ထံသို့ ဖုန်းဆက်လိမ့်မည်။

**အရေးပေါ်ကဒ် သတင်းအချက်အလက်**။ သင့်ကလေးများကို ကျောင်းအပ်သောအခါ ကျောင်းသည် သင့်ကို ဤပုံစံကို ပေးလိမ့်မည်။ အရေးပေါ်ကဒ်တွင် သင်၏ကလေးနေမကောင်းဖြစ်လျှင် သို့မဟုတ် ကျောင်း၌ မတော်တဆ ထိခိုက်မှုတစ်ခုဖြစ်လျှင် ဖုန်းဆက်နိုင်ရန် ပုဂ္ဂိုလ်၏ဖုန်းနံပါတ်နှင့် နာမည်ကိုရေးပါ။ ကလေးတစ်ယောက်စီအတွက် အရေး ပေါ်ကဒ်ကိုဖြည့်ရန်နှင့် ၎င်းကို ကျောင်းသို့ ပြန်ပို့ရန် အလွန်အရေးကြီးသည်။

အောက်ပါတို့ကို ရေးရန် အရေးကြီးသည်။

- တစ်နေ့တာအတွင်း သင်ရှိသည့်နေရာ၏ ဖုန်းနံပါတ်
- ဆွေမျိုးတစ်ယောက် သို့မဟုတ် အနီးစပ်ဆုံး သူငယ်ချင်းတစ်ယောက်၏ အမည်နှင့် ဖုန်းနံပါတ်
- သင်၏ကလေးဆရာဝန် သို့မဟုတ် ဆေးခန်း၏ အမည်နှင့် ဖုန်းနံပါတ်
- သင့်ကလေးတွင်ရှိသော မည်သည့် အထူးကျန်းမာရေး လိုအပ်မှုများမဆို

ဤအချက်အလက်များ မည်သည့်အချိန်တွင် မဆို ပြောင်းလဲပါက ကျောင်းကိုဆက်သွယ်ပြီး အရေးပေါ်ကဒ်သစ်ကို ဖြည့်ပါ။

**ပြောင်းရွှေ့မှု**။ သင်သည် အခြားတိုက်ခန်း သို့မဟုတ် အခြား အိမ်တစ်ဆောင်သို့ပြောင်းလျှင် သင်သည် ကျောင်းကိုဆက်သွယ်ပြီး လိပ်စာသစ်နှင့် ဖုန်းနံပါတ်ပေးသင့်သည်။ သင်သည် အရေးပေါ်ကဒ်သစ် ကိုလည်း ဖြည့်သင့်သည်။

## 5. ကျွန်ုပ်၏ ကလေးသည် ကျောင်းနောက်ကျရမည် သို့မဟုတ် ကျောင်းပျက်ရမည်ဆိုလျှင် ကျွန်ုပ် ဘာလုပ်သင့်သနည်း။

**ကျောင်းနောက်ကျမှု** ။ ကလေးများသည် ကျောင်းနောက်မကျသင့်ပါ။ ကလေးများသည် ကျောင်းသို့ အချိန်မီလာသင့်သည်။ အကယ်၍ ကလေးများသည် နောက်ကျမှုလာလျှင် ဆရာက ၎င်းတို့ကို နောက်ကျသည် သို့မဟုတ် ကြန့်ကြာသည်ဟု မှတ်သားလိမ့်မည်။ သင်၏ ကလေးသည် နောက်ကျမည်ဆိုလျှင် မနက်ပိုင်းတွင် ကျောင်းကို ဖုန်းဆက်သင့်သည်။ သို့မဟုတ် ကျောင်းသို့ သင်၏ကလေးနှင့် အတူ မှတ်စုတစ်ခုကို ပို့နိုင်သည်။

**ကျောင်းပျက်ခြင်း**။ သင်၏ကလေးသည် ကျောင်းသို့မလာနိုင်သောအခါ ကျောင်းမစတင်မီ နေ့စဉ် နံနက် အစောပိုင်းတွင် ကျောင်းကို ဖုန်းဆက်ပါ။ ကျောင်းအချို့တွင် အသံ မေးလ်များရှိသည်။ မိဘများသည် ကျောင်းအသံ မေးလ်ပေါ်တွင် သတင်းစကား ထားနိုင်သည်။

သင် ကျောင်းကို ဖုန်းဆက်သောအခါ အောက်ဖော်ပြပါ အချက်အလက်များကို ပြောသင့်သည်။

- သင့်ကလေး၏ အမည်
- သင့်ကလေး၏ အတန်းနှင့်ဆရာ
- သင့်ကလေးသည် ကျောင်းပျက်မည့် အကြောင်းရင်း
- သင့်အမည်နှင့် ဖုန်းနံပါတ်

တစ်ခါတစ်ရံ မိဘများသည် ကျောင်းချိန်မပြီးမီ နေ့လယ်အတွင်း ကျောင်းမှကလေးများကို ခေါ်ထုတ်သွားသည်။ နေ့လယ် အတွင်းတွင် ၎င်းတို့သည် သူတို့၏ကလေးများကို ဆရာဝန် သို့မဟုတ် သွားဆရာဝန်ထံသို့ ခေါ်သွားရန် လိုကောင်းလိုမည်။ ကလေးများကို ကျောင်းအပြင်သို့ ခေါ်လိုလျှင် သင်သည် ဆရာထံသို့ မှတ်စု တစ်ခုရေးရမည်။ သင်၏ကလေးသည် မနက်ပိုင်းတွင် ဆရာထံသို့ မှတ်စုကို ယူသွားသင့်သည်။ မှတ်စုက ဖော်ပြသင့်သည်မှာ

- သင့်ကလေးအား ကျောင်းအပြင်သို့ ခေါ်ထုတ်မည့် အကြောင်းရင်း
- သင့်ကလေးအား ကျောင်းအပြင်သို့ ခေါ်ထုတ်မည့် အချိန်
- သင့်ကလေးအား လာခေါ်မည့် သူသည် မိဘ သို့မဟုတ် အုပ်ထိန်းသူ တစ်ယောက်မဟုတ်လျှင် ၎င်း၏အမည်

သင့်ကလေးကို ခေါ်ဆောင်ရန် ကျောင်းသို့သွားသောအခါ ရုံးသို့သွားပြီး သင်၏ကလေးကို တောင်းခံပါ။ သင်၏ကလေးသည် ထွက်ခွာနိုင်ရန် ကျောင်းသည် သင့်ကိုလက်မှတ်ထိုးရန် ပြောလိမ့်မည်။

**မိသားစု အားလပ်ရက်များ**။ ကျောင်းချိန်အတွင်း အားလပ်ရက်တစ်ခုအတွက် မိဘများသည် သူတို့၏ကလေးများကို မခေါ်ဆောင်သင့်ပါ။ ကျောင်းပိတ်ရက်အချိန်အတွင်းတွင် မိဘများသည် မိသားစုအားလပ်ရက်ကို ယူသင့်သည်။ ကျောင်းချိန်အတွင်းတွင် သင်အားလပ်ရက်ယူမည်ဆိုလျှင် သင်မသွားမီ သင့်ကလေး၏ဆရာနှင့် စကားပြောဆိုသင့်သည်။

**ထပ်ဆင့်ပေးအိမ်စာ** ။ ကျောင်းပျက်သောကလေးများသည် ၎င်းတို့လွတ်သွားသောအိမ်စာနှင့် ကျောင်းစာများကို လုပ်ရမည်။ ကလေးတစ်ယောက် ၂ ရက်ထက်ပိုပြီး ကျောင်းပျက်လျှင် ကျောင်းအများစုသည် ထပ်ဆင့်ပေးအိမ်စာရရှိရန် မိဘများအား ကျောင်းသို့လာ စေလိုသည်။ သင် သို့မဟုတ် သင့်ကလေး၏သူငယ်ချင်းသည် ထပ်ဆင့်ပေးအိမ်စာရရှိရန် ကလေး၏ အတန်းသို့ သွားနိုင်သည်။

## 6. ကျွန်ုပ်သည် ကျွန်ုပ်၏ ကလေး၏ကျောင်းကို လည်ပတ်နိုင်ပါသလား။

**ကျောင်းကိုလည်ပတ်ခြင်း**။ ၎င်းတို့ကလေးများ၏ကျောင်းကို လည်ပတ်ရန် မိဘများကို ကြိုဆိုသည်။ သင်ကျောင်းကို လည်ပတ်သောအခါ ဧည့်ဝင်ခွင့်အတွက် ရုံးခန်းဆီသို့ သင်ပထမဆုံးသွားရမည်။ သင်သည် သင်၏ကလေးများ၏စာသင်ခန်းကို လည်ပတ်နိုင်သည်။ သို့သော် အတန်းအချိန်အတွင်း သင်သည် ဆရာအား စကားမပြောနိုင်ပါ။

## 7. ကျောင်းတွင် မည်သည့်အရာအတွက်မဆို ကျွန်ုပ် ငွေပေးရန် လိုအပ်ပါသလား။

မိဘများသည် ဆရာအား စကားပြောလိုလျှင် ၎င်းတို့သည် တင်ကြိုပြီး ချိန်းဆိုမှု ပြုလုပ်ရမည်။

ကျောင်း လှုပ်ရှားဆောင်ရွက်မှုအချို့ သို့မဟုတ် ပစ္စည်းများအတွက် အခကြေးငွေများ ရှိသည်။

**စာအုပ်အခကြေးငွေ**။ သင်ရိုးစာအုပ်များအတွက် စာအုပ်အခကြေးငွေရှိသည်။ စာအုပ်အခကြေးငွေသည် မိသားစုတစ်စု အတွက် မပေးချေနိုင်လောက်အောင် ဈေးကြီးလွန်းလျှင် ဈေးလျော့ထားသော သို့မဟုတ် သက်ညှာခွင့်ပေးထားသော အခကြေးငွေနှင့် ပတ်သက်၍ မိဘများသည် ကျောင်းကို စကားပြောဆိုနိုင်သည်။ သင်၏ကလေးသည် စာအုပ်များကို ကောင်းကောင်းဂရုစိုက်ရမည်။ ကျောင်းနှစ်အဆုံး၌ သင်၏ကလေးသည် စာအုပ်အချို့ သို့မဟုတ် စာအုပ်အားလုံးကို ကျောင်းကို ပြန်ပေးရမည်။

**ထပ်ဆောင်း လှုပ်ရှားဆောင်ရွက်မှုများ** ။ တစ်ခါတစ်ရံ အားကစား၊ ဂီတသင်ခန်းစာများ သို့မဟုတ် ပညာရေးဆိုင်ရာ သို့မဟုတ် လူမှုရေးဆိုင်ရာ အသင်းအဖွဲ့များကဲ့သို့သော ထပ်ဆောင်းလှုပ်ရှားဆောင်ရွက်မှုများအတွက် အခကြေးငွေများ ရှိသည်။

**ကွင်းဆင်းခရီးစဉ်များ**။ တစ်ခါတစ်ရံ ကျောင်းသားများသည် ပြတိုက်များ၊ တိရိစ္ဆာန်ဥယျာဉ်များနှင့် အခြားနေရာများသို့ ကွင်း ဆင်း အစီအစဉ်များ သွားကြပါသည်။ ကလေးတစ်ယောက်သည် ကွင်းဆင်းခရီးစဉ်မသွားမီ မိဘများသည် ခွင့်ပြုချက်ပုံစံ တစ်ခုကို လက်မှတ်ရေးထိုးရမည်။ တစ်ခါတစ်ရံ ကွင်းဆင်းခရီးစဉ်အတွက် ကူညီပေးချေရန် အခကြေးငွေ အနည်းငယ်ရှိသည်။ တစ်ခါတစ်ရံ ခရီးစဉ် တစ်ခုပေါ်တွင် ကလေးများကို စောင့်ကြည့်ရန် ဆရာများကို ကူညီရန်အတွက် ကွင်းဆင်းခရီးစဉ်သွားရာတွင် မိဘများကို စေတနာ့ ဝန်ထမ်းလုပ်ဆောင်နိုင်ရန် အခွင့်အလမ်းတစ်ခုကို ကမ်းလှမ်းသည်။

**နေ့လယ်စာများ** ။ ကလေးများသည် ကျောင်းသို့နေ့လယ်စာယူမလာလျှင် များသောအားဖြင့် ကျောင်း၌ နေ့လယ်စာဝယ်နိုင်သည်။ ကျောင်းအများစုတွင် မတတ်နိုင်သော မိဘများအတွက် အခပေးစရာမလိုသော သို့မဟုတ် စရိတ်သက်သာသော နေ့လယ်စာ အစီအစဉ်များရှိသည်။ အခပေးစရာမလိုသော သို့မဟုတ် စရိတ်သက်သာသော နေ့လယ်စာများရရှိလိုသော ကလေးများအတွက် သူတို့၏မိသားစုဝင်ငွေနှင့် ပတ်သက်၍ မိဘများသည် ပုံစံ တစ်ခုကို ဖြည့်ရမည်။

## 8. ကျောင်းလုပ်ငန်းစဉ်များနှင့် ပတ်သက်၍ မေးမြန်းစရာရှိလျှင် မည်သူ့ကို မေးနိုင်သနည်း။

ကျောင်းလုပ်ငန်းစဉ်နှင့်ပတ်သက်၍ မေးခွန်းများရှိလျှင် သင်သည် ကျောင်းအတွင်းရေးမှူး သို့မဟုတ် သင်၏ကလေးဆရာအား ဖုန်းခေါ်နိုင်သည်။

# VI. ကျောင်းများတွင် အလုပ်လုပ်ကြသူများ



## 1. ကျောင်းအုပ်စုရုံးများနှင့် ကျောင်းများတွင် အလုပ်လုပ်ကြသူများသည် မည်သူများ ဖြစ်ကြသနည်း။

ကျောင်းဝန်ထမ်းများသည် ကျောင်းတွင် အလုပ်လုပ်သူများဖြစ်ပါသည်။ ကျောင်းဝန်ထမ်းအမျိုးအစား သုံးမျိုးရှိသည်။ ၎င်းတို့မှာ အုပ်ချုပ်ရေးမှူးများ၊ ဆရာ၊ ဆရာမများနှင့် အထောက်ကူပြုဝန်ထမ်းများ ဖြစ်သည်။

***အုပ်ချုပ်ရေးမှူးများ***သည် ကျောင်းသားများကို စာမသင်ကြားပေ။ ၎င်းတို့သည် ကျောင်းများ၏ အကြီးအကဲများ ဖြစ်သည်။ အုပ်ချုပ်ရေးမှူး အမျိုးအစားသုံးမျိုးရှိသည်။

- *ကြီးကြပ်ရေးမှူး*။ ကြီးကြပ်ရေးမှူးသည် ကျောင်းအုပ်စု၏အုပ်ချုပ်ရေးမှူးဖြစ်သည်။
- *ကျောင်းအုပ်ကြီး*၊ ကျောင်းအုပ်စုတစ်ခု၏ ကျောင်းတစ်ကျောင်းစီတွင် ထိုကျောင်းကို အုပ်ချုပ်သော ကျောင်းအုပ်ကြီး တစ်ယောက်ရှိသည်။
- *လက်ထောက်ကျောင်းအုပ်ကြီး*၊ တစ်ခါတစ်ရံ ကျောင်းများတွင် ကျောင်းအုပ်ကြီးများကို ကူညီရန် လက်ထောက်များ ရှိသည်။

***ဆရာများ***သည် ကျောင်းတွင် ကျောင်းသားများကို ပညာသင်ကြားပေးသည်။ ဆရာအမျိုး အစားအမျိုးမျိုး ရှိသည်။

- *သတင်းပေးခန်းဆရာ* ။ အလယ်တန်း၊ အထက်တန်း အငယ်တန်းနှင့် အထက်တန်းကျောင်းများတွင် ကျောင်းသားများ သည် ကျောင်းတက်ရက်တစ်ရက်စီ၏ ပထမ ၁၀ မိနစ် သို့မဟုတ် ၁၅ မိနစ်ကြာမျှ ၎င်းတို့၏သတင်းပေးခန်းဆရာကို တွေ့သည်။ သတင်းပေးခန်းအတွင်း ကျောင်းသားများသည် ထုတ်ပြန်ချက်များကိုကြားရပြီး ကျောင်းချိန်နှင့်ပတ်သက်၍ သတင်းအချက်အလက်များရရှိသည်။

- *စာသင်ခန်း ဆရာ*၊ ဂရိတ် (grade) ၅ နှင့် ဂရိတ် (grade) ၆ အပြင် မူလတန်းကြိုအတန်းများတွင် ကျောင်းသားများသည် များသောအားဖြင့် ကျောင်းချိန်အတွင်းတွင် စာသင်ခန်းဆရာများနှင့် နေကြပါသည်။ စာသင်ခန်း ဆရာများသည် များသော အားဖြင့် အဖတ်၊ သင်္ချာ နှင့် သိပ္ပံကဲ့သို့သော ဘာသာရပ်မြောက်မြားစွာကို သင်ကြားပေးသည်။

- *နှစ်ဘာသာသင် ဆရာ*။ နှစ်ဘာသာသင် ဆရာသည် ကျောင်းသားများ၏ မူလဘာသာနှင့် အင်္ဂလိပ်ဘာသာများကို အသုံးပြု၍ ဘာသာရပ်များကို သင်ကြားပေးသည်။

- *အင်္ဂလိပ်စာကို ဒုတိယ ဘာသာစကား (ESL) အဖြစ်သင်သည့် ဆရာ* ။ ESL ဆရာသည် အင်္ဂလိပ်စကား များများ မပြောသော ကျောင်းသားများအတွက် အင်္ဂလိပ်စာသင်ကြားပေးသည်။

- *အထူး ပညာရေး ဆရာ* ။ အထူးပညာရေးဆရာသည် အထူးလိုအပ်မှုရှိနေသည့် မသန်စွမ်းသူများကို သင်ကြားပေးသည်။

- *စွမ်းရည်ပြည့် ဆရာ*။ စွမ်းရည်ပြည့်ဆရာသည် ပိုပြီးခက်ခဲသော သင်ခန်းစာများရှိသော အတန်းများကို သင်ကြားသည်။

- *ဂီတဆရာ*။ ဂီတဆရာသည် သံစဉ်၊ သီဆိုခြင်းနှင့် တူရိယာပစ္စည်းများကို တီးခတ်နည်းကို သင်ကြားပေးသည်။

- *ပန်းချီ ဆရာ* ။ ပန်းချီဆရာသည် ဆေးချယ်ခြင်း၊ ပုံဆွဲခြင်း၊ ရွှံ့ပုံစံလုပ်ခြင်းနှင့် အခြား အနုပညာများကို သင်ကြားပေးသည်။

- *ကာယဆရာ/ကိုယ်လက်လှုပ်ရှား ပညာရေး (PE) ဆရာ* ။ ကာယဆရာသည် အားကစားများနှင့် လေ့ကျင့်ခန်းများ ကဲ့သို့သော ရုပ်ပိုင်း ဆိုင်ရာပညာရေးကို သင်ကြားပေးသည်။

- *စာကြည့်တိုက်မှူး* ။ စာကြည့်တိုက်မှူးသည် စာကြည့်တိုက်နှင့်ပတ်သက်၍ သင်ကြားပေးပြီး စာကြည့်တိုက်မှစာအုပ်များ ငှားရာတွင် ကျောင်းသားများကိုကူညီပေးသည်။

- *စကားပြောဆရာ*။ စကားပြောဆရာသည် အသံထွက်နှင့် စကားပြောတွင် ပြဿနာရှိသော ကျောင်းသားများကို အကူအညီပေးသည်။

***အထောက်ကူပြုဝန်ထမ်းများ***သည် အုပ်ချုပ်သူများနှင့် ဆရာများကို ၎င်းတို့၏အလုပ်၌ အကူအညီပေးသည်။ အထောက်ကူပြုဝန်ထမ်း အချို့မှာ

- *ကျောင်းအတွင်းရေးမှူး* ။ အတွင်းရေးမှူးသည် ဖုန်းဖြေကြားပေးသည်။ စာနှင့်မှတ်စုများ ရိုက်ပေးသည်။ ကျောင်းဧည့်သည်များကို နှုတ်ဆက်ပြီး ကျောင်းအုပ်ကြီးကို အကူအညီပေးသည်။

- *ကျောင်းသူနာပြု/ကျန်းမာရေး စာရေး* ။ ကျောင်းသူနာပြု၊ ကျန်းမာရေးစာရေးသည် ကျောင်းတွင် နာမကျန်းသော ကလေးများကို စောင့်ရှောက်ပေးသည်။

- *လူမှုရေးဆိုင်ရာ လုပ်သား/အကြံပေးသူ* ။ လူမှုရေးဆိုင်ရာအလုပ်သမား သို့မဟုတ် အကြံပေးသူသည် ကျောင်း သို့မဟုတ် အိမ်တွင် ကျောင်းသားများတွင်ရှိသော ပြဿနာများနှင့်ပတ်သက်၍ ကျောင်းသားများကို အကူအညီပေးသည်။ လူမှုရေးဆိုင်ရာအလုပ်သမားသည် ကလေး၊ မိဘ သို့မဟုတ် မိသားစုတစ်ခုလုံးနှင့် အလုပ်လုပ်ကောင်းလုပ်နိုင်သည်။ ဥပမာအားဖြင့် လူမှုရေးဆိုင်ရာ လုပ်သားတစ်ယောက်သည် လူရမ်းကားအဖွဲ့နှင့် ပူးပေါင်းသည့် ကလေး၏ မိသားစုတစ်စုအား အကူအညီပေးနိုင်သည်။ အထက်တန်းကျောင်းတွင် အကြံပေးသူသည် အတန်းများကို ရွေးချယ်ရန် ကျောင်းသားများကို အကူအညီပေးပြီး ကောလိပ်နှင့်အလုပ်များနှင့်ပတ်သက်၍ သတင်း အချက်အလက်များကို ကျောင်းသားများအား ပေးသည်။

## 2. ကျွန်ုပ်၏ ကလေးနှင့်ပတ်သက်၍ ကျောင်းတွင် မည်သူနှင့် ပြောဆိုဆွေးနွေးနိုင်သနည်း။

မူလတန်းတွင် သင့်ကလေး၏ စာသင်ခန်းဆရာကို ပထမဦးဆုံး စကားပြောပါ။ ၎င်းသည် သင့်ကို အကူအညီပေးလိမ့်မည်။ သို့မဟုတ် သင့်ကို မည်သူက ကူညီနိုင်သည်ကို ပြောလိမ့်မည်။

အလယ်တန်း၊ အထက်တန်း အငယ်တန်း သို့မဟုတ် အထက်တန်းတွင် သင့်ကလေး၏ သတင်းပေးခန်း ဆရာကို ပထမဆုံး ဖုန်းဆက်နိုင်သည်။

ပညာသင်နှစ်၏အစ၌ သင်၏ကလေးများနှင့် ပတ်သက်၍ ဤဇယားကွက်တွင်ရှိသော အချက်အလက်များကို ဖြည့်ပါ။

| ကလေးအမည် | ကျောင်းအမည် | ကျောင်းဖုန်းနံပါတ် | အတန်း | ဆရာအမည် |
|---|---|---|---|---|
| | | | | |
| | | | | |
| | | | | |
| | | | | |

# VII. သင်ကြားမှုဆိုင်ရာ အစီအစဉ်များ



## 1. ကျွန်ုပ်၏ ကလေးများသည် အင်္ဂလိပ်စကား ကောင်းစွာ မပြောတတ်လျှင် ကျောင်းများသည် ကူညီရန် ဘာလုပ်နိုင်သနည်း။

အင်္ဂလိပ်စာ အဖတ် သို့မဟုတ် အပြောတွင် အခက်အခဲရှိသော ကျောင်းသားများသည် အင်္ဂလိပ်စာကို ဒုတိယ ဘာသာစကား (ESL) အနေဖြင့် ယူကောင်းယူလိမ့်မည်။ သို့မဟုတ် ကျောင်း၌ နှစ်ဘာသာသင်အတန်းများကို ယူကောင်းယူလိမ့်မည်။ ESL အတန်းများသည် ကျောင်းသားများကို အင်္ဂလိပ်ဘာသာဖြင့် ပြောရန်၊ ဖတ်ရန်၊ ရေးရန် သင်ကြားပေးသည်။ နှစ်ဘာသာ သင်အတန်းများကို ကျောင်းသားများ၏ မူလ ဘာသာနှင့် အင်္ဂလိပ်ဘာသာတို့ဖြင့် သင်ကြားပေးပါသည်။ နှစ်ဘာသာ အတန်းများကို သင်္ချာ၊ သိပ္ပံနှင့် အင်္ဂလိပ်စာအပြင် လူမှုရေးဆိုင်ရာ လေ့လာမှုများကဲ့သို့သော ဘာသာရပ်များကို သင်ကြားပေးသည်။
ကျောင်းသားများသည် ကျောင်းတွင် ပထမဆုံးအနေနှင့် ကျောင်းအပ်သောအခါ ကျောင်းသား မိဘများသည် အင်္ဂလိပ်ဘာသာထက် အခြားဘာသာတစ်ခုကို ၎င်းတို့၏အိမ်တွင် ပြောဆိုသလားဆိုသည်ကိုဖော်ပြရန် အိမ်ဘာသာစကားစစ်တမ်းကို ဖြည့်သည်။ အင်္ဂလိပ်ဘာသာစကား မပြောသော နေရာမှလာသော ကျောင်းသားများသည် အင်္ဂလိပ်ဘာသာစကား စစ်ဆေးမှုတစ်ခုကို ယူရသည်။ ထိုစစ်ဆေးမှုသည် ကျောင်းသားများကို သင့်တော်သောအတန်းများတွင် နေရာချထားပေးရန် ကျောင်းကို ကူညီပေးသည်။ အင်္ဂလိပ်စာ အခက်အခဲရှိသော ကျောင်းသားများသည် နှစ်ဘာသာအတန်းများ သို့မဟုတ် အင်္ဂလိပ်စာသည် ဒုတိယ ဘာသာစကားအတန်းများတွင် ကျောင်းအပ်ကြပြီး နှစ်စဉ် နှစ်တိုင်း ACCESS for ELLs® ဟုခေါ်သည့် အင်္ဂလိပ်စာ စစ်ဆေးမှုယူသည်။ ကျောင်းသားများသည် များသောအားဖြင့် နှစ်ပတ်လည် စစ်ဆေးမှုတွင် ပြည်နယ် အင်္ဂလိပ်စာ ကျွမ်းကျင်မှု အဆင့်ရောက်သည်အထိ ဒုတိယ ဘာသာစကားအဖြစ် အင်္ဂလိပ်စာ ESL သို့မဟုတ် နှစ်ဘာသာ သင်အတန်းများကို ယူကြပါသည်။ မိဘများသည် ထိုအရာသည် အကောင်းဆုံးဟုယူဆလျှင် ၎င်းတို့၏ကလေးများကို ဒုတိယ ဘာသာစကားအဖြစ် အင်္ဂလိပ်စာ သို့မဟုတ် နှစ်ဘာသာသင်အတန်းများမှ ၎င်းတို့၏ကလေးများကို ထုတ်ရန် ကျောင်းကိုပြောကောင်း ပြောနိုင်သည်။ သို့သော် ပြည်နယ် အင်္ဂလိပ်စာကျွမ်းကျင်မှု အဆင့်ရောက်သည်အထိ ကလေးများသည် ACCESS for ELLs® နှစ်ပတ်လည် စစ်ဆေးမှုကို ယူရန်ဆက်လက်လုပ်ဆောင်လိမ့်မည်။

## 2. မူလတန်းကျောင်းတွင် ကျွန်ုပ်၏ ကလေးများသည် မည်သည့်ဘာသာရပ်များကို လေ့လာသင်ယူရသနည်း။

ကျောင်းသင်ရိုးညွှန်းတမ်းသည် ကလေးများကျောင်းတွင် သင်ယူရသည့် ဘာသာရပ်များဖြစ်သည်။ မူလတန်းကျောင်းများတွင် ကလေးများသည် ဘာသာရပ် အသီးသီးကို သင်ယူရသည်။

- စာဖတ်ခြင်း၊ ဘာသာစကား ပညာနှင့်သင်္ချာ (နေ့တိုင်း)

- ကျန်းမာရေး၊ သိပ္ပံ၊ လူမှုရေးဆိုင်ရာ ဘာသာရပ် (တစ်ပတ်လျှင် ၂ ကြိမ်မှ ၅ ကြိမ်)
- ပန်းချီ၊ ကာယ၊ စာကြည့်တိုက်၊ ဂီတ (တစ်ပတ်လျှင် ၁ ကြိမ် သို့မဟုတ် ၂ ကြိမ်)

မူလတန်းကျောင်းတွင် အတန်းတစ်ခုစီသည် မိနစ် ၃၀ သို့မဟုတ် မိနစ် ၄၀ ခန့်ကြာသည်။ မူလတန်း ကျောင်းတွင် ကျောင်းသားများသည် နားချိန်များလည်း ရှိသည်။ နားချိန်အတွင်းတွင် ကလေးများသည် များသောအားဖြင့် ကျောင်းအားကစားကွင်းတွင် အပြင်ထွက်ကစားကြသည်။ နားချိန်သည် ၁၅ မိနစ်ခန့်ဖြစ်သည်။

## 3. အလယ်တန်းကျောင်း သို့မဟုတ် အထက်တန်းကျောင်း အငယ်တန်းတွင် ကျွန်ုပ်၏ ကလေးများသည် မည်သည့် ဘာသာရပ်များကို သင်ယူလေ့လာရသနည်း။

အလယ်တန်းကျောင်း သို့မဟုတ် အထက်တန်း အငယ်တန်းကျောင်းတွင် များသောအားဖြင့် ကလေးများသည် အတန်းများအတွက် အခန်းများပြောင်းသည်။ များသောအားဖြင့် ၎င်းတို့တွင် တစ်နေ့တာအချိန်အတွင်း ဆရာအမျိုးမျိုးရှိသည်။ ကျောင်းသားများသည် များသောအားဖြင့် နေ့ချိန်အတွင်းတွင် အဆောက်အအုံ၌နေပြီး နားချိန်များမရှိပါ။ ၎င်းတို့လေ့လာသော ဘာသာရပ်များမှာ အောက်ပါအတိုင်း ဖြစ်သည်။

- အဖတ်နှင့် ဘာသာစကား အနုပညာ
- ကာယနှင့်ကျန်းမာရေး
- သိပ္ပံ
- လူမှုရေး ဘာသာရပ်
- နိုင်ငံခြား ဘာသာစကားများ (ဥပမာ စပိန် သို့မဟုတ် ပြင်သစ်)
- ဂီတ
- သင်္ချာ
- ကွန်ပြူတာ
- ပန်းချီ

## 4. အထက်တန်းကျောင်းတွင် ကျွန်ုပ်၏ ကလေးများသည် မည်သည့်ဘာသာရပ်များကို သင်ယူလေ့လာရသနည်း။

အထက်တန်းကျောင်းသားများသည် လိုအပ်ပြီး ရွေးချယ်ထားသော သင်ရိုးများကို ယူသည်။ လိုအပ်သော သင်ရိုးများမှာ ကျောင်းသား အားလုံး ဘွဲ့ရရှိရန် ယူရမည့်ဘာသာရပ်များဖြစ်သည်။ ဥပမာအားဖြင့် အင်္ဂလိပ်နှင့် သင်္ချာသည် လိုအပ်သော သင်ရိုးများဖြစ်သည်။

အထက်တန်းကျောင်းအတန်းအချို့တွင် ခက်ခဲမှုအဆင့် အမျိုးမျိုးရှိသည်။ ဥပမာအားဖြင့် အင်္ဂလိပ်စာ အတန်းတစ်တန်းသည် အခြေခံ၊ ပုံမှန်၊ အဆင့်မြင့် သို့မဟုတ် ထူးချွန်အတန်းများ ရှိကောင်းရှိ နိုင်သည်။ အထက်တန်းကျောင်းတွင် မတူညီသော ဘာသာရပ်များထဲမှ အချို့ကို အောက်တွင်ဖော်ပြထားသည်။

- အင်္ဂလိပ်စာ
- သင်္ချာ (ဥပမာ–အက္ခရာသင်္ချာ သို့မဟုတ် ဂျီဩမေထရီ)
- သိပ္ပံ (ဥပမာ–ဇီဝဗေဒ သို့မဟုတ် ဓာတုဗေဒ)
- မိသားစုနှင့် စားသုံးသူသိပ္ပံ
- အားကစား/ကာယ
- ကားမောင်းသူပညာရေး
- ကွန်ပြူတာသိပ္ပံ
- အသုံးချ အတတ်ပညာ
- စီးပွားရေးပညာ
- လူမှုရေးသိပ္ပံ
- ပန်းချီပညာ
- နိုင်ငံခြားဘာသာစကားများ
- ဒုတိယ ဘာသာစကားအဖြစ် အင်္ဂလိပ်စာ (ESL)

**အကူအညီပေးသော အကြံဉာဏ်**

**ကျောင်း အထောက်အထားအားလုံးအတွက် ဖိုင်တစ်ခုကို သိမ်းဆည်းထားပါ။ ကလေးများသည် မိဘများအတွက် ကျောင်းသတင်းအချက်အလက်များကို ၎င်းတို့၏ကျောပိုးအိတ်များဖြင့် အိမ်သို့ မကြာခဏ ယူလာသည်။ ထိုဖိုင်သည် ကျောင်းပြက္ခဒိန်၊ ဘာတ်စကားအချိန်ဇယား၊ ကျောင်းပိတ်ရက်များ၊ အားလပ်ရက်များ၊ အခြားပစ္စည်းများနှင့် ကျောင်းမှပို့ လိုက်သော ထုတ်ပြန်ချက်များနှင့်ပတ်သက်သည့် အချက်အလက်များကို ဆန့်နိုင်သည်။**

## 5. ကျွန်ုပ်၏ ကလေးတွင် သင်ယူခြင်းပြဿနာများ သို့မဟုတ် အထူးလိုအပ်ချက်များရှိလျှင် ကျောင်းများသည် ကူညီရန် ဘာလုပ်နိုင်သနည်း။

အထူးပညာရေးသည် ကျောင်းတွင် ထိုပြဿနာများရှိသော ကျောင်းသားများအတွက် အစီအစဉ်တစ်ခု ဖြစ်သည်။ ထိုကျောင်းသားများသည် အမြင်၊ အကြား၊ အပြော၊ လမ်းလျှောက်ခြင်း၊ သင်ယူခြင်း သို့မဟုတ် အတန်းထဲတွင် အများနည်းတူဆောင်ရွက်နိုင်ရန် ပြဿနာများ ရှိကောင်းရှိနိုင်သည်။ ကျောင်းများသည် မသန်စွမ်းသော ကျောင်းသားများအတွက် ကျောင်းတွင် အောင်မြင်မှုရရှိရန် အထူးပညာရေး ဝန်ဆောင်မှုများကို ပေးအပ်သည်။ သင်၏ကလေးသည် အထူးသင်ယူမှုလိုအပ်ချက်များ ရှိလျှင်

- သင်၏ကလေး၏ကျောင်းတွင် ရရှိနိုင်သော ဝန်ဆောင်မှုများနှင့်ပတ်သက်၍ မေးပါ။
- သင်၏ကလေးသည် ကျောင်း၌ မည်သည့် အမျိုးအစား အထူးအကူအညီ လိုအပ်သည်ဆိုသည်ကို ကျောင်းကိုပြောပါ။
- သင်အင်္ဂလိပ်စကားမပြောနိုင်လျှင် တွေ့ဆုံမှုများ၌ စကားပြန်တစ်ယောက်ကို တောင်းဆိုပါ။
- ကျောင်းဝန်ထမ်းပို့လိုက်သော သို့မဟုတ် ပေးလိုက်သော အရေးကြီးသော အထောက်အထားများနှင့် စာများအားလုံးကို သိမ်းဆည်းထားပါ။

**အကူအညီပေးသော အကြံဉာဏ်**

**မသန်စွမ်းသော ကျောင်းသားများ၏ အခွင့်အရေးများနှင့် ပတ်သက်၍ Illinois State Board of Education မှ စာအုပ်ငယ် တစ်အုပ်ရရှိနိုင်သည်။ (312) 814-2220 ကို ဖုန်းဆက်ပါ။ ပညာရေးအခွင့်အရေးများနှင့် တာဝန်များ အီလီနွိုက်ပြည်နယ်တွင် အထူးပညာရေးကိုနားလည်ခြင်း။ စာစောင်တစ်ခုကို တောင်းယူပါ။**

## 6. ကျွန်ုပ်၏ ကလေးတွင် ပင်ကိုယ်စွမ်းရည်များ သို့မဟုတ် အထူး ပါရမီများရှိလျှင် အထူး အစီအစဉ်များရှိပါသလား။

ထူးခြားစွမ်းရည် သို့မဟုတ် အရည်အချင်းများရှိသော ကျောင်းသားများကို တစ်ခါတစ်ရံ 'စွမ်းရည်ထက်မြက်သူ' သို့မဟုတ် 'ပါရမီရှိသူ' ဟု ခေါ်သည်။ ထိုကျောင်းသားများသည် တစ်ခါတစ်ရံ ပို၍ခက်ခဲပြီး တီထွင်ဖန်တီးသည့် သင်ခန်းစာများ ရှိသော အထူးအတန်းများကို ယူနိုင်ပါသည်။

# VIII. ကလေးများ၏ ပညာရေးနှင့် သင်ယူမှုတွင် မိဘများ၏ အခန်းကဏ္ဍ



ကျောင်းများသည် မိဘများအား ကလေးများပညာရေးတွင် ပါဝင်ပတ်သက်လာရန် အလိုရှိသည်။ မိဘများသည် ကလေးများ၏ ကျောင်းများတွင် နည်းလမ်းအမျိုးမျိုးဖြင့် ပါဝင်ပတ်သက်နိုင်သည်။ ၎င်းတို့သည်

- ကျောင်းအုပ်ကြီးများနှင့် ဆရာများကို စကားပြောနိုင်သည်။
- ကျောင်းအစီအစဉ်များကို တက်နိုင်သည်။
- ကျောင်းများနှင့်ပတ်သက်၍ ဆုံးဖြတ်ချက်ချခြင်းကို ကူညီပေးနိုင်သည်။
- ကျောင်းများတွင် စေတနာ့ဝန်ထမ်းလုပ်နိုင်သည်။
- ကျောင်းချိန်နှင့် ကျောင်းသင်ခန်းစာများနှင့် ပတ်သက်၍ ကလေးများကို စကားပြောနိုင်သည်။

## 1. ကျွန်ုပ်၏ ကလေး၏ ကျောင်းနှင့်ပတ်သက်၍ မည်သို့ သိနိုင်သနည်း။ ကျွန်ုပ်၏ ကလေးသည် ကျောင်းသား ကောင်းတစ်ယောက်ဖြစ်သလား။

ကျောင်းများတွင် ကျောင်းအစီအစဉ်များနှင့်ကလေးများ၏ သင်ယူမှုတိုးတက်ခြင်းနှင့်ပတ်သက်၍ မိဘများကို ပြောရန်နည်းလမ်းအမျိုးမျိုးရှိသည်။ ကျောင်းများစွာတွင် ရှိကြသည်မှာ

**ပွင့်လင်းသောအိမ်များ**သည် မိဘများအတွက် ၎င်းတို့၏ ကလေးများ၏ ဆရာများကို တွေ့ရန်၊ ၎င်းတို့၏ စာသင်ခန်းများကို မြင်ရန်၊ ၎င်း၏ကလေးများသည် မည်သည့် သင်ခန်း စာများကို လုပ်နေသည်ကို ကြားရန်အချိန်များဖြစ်သည်။

**မိဘဆရာညီလာခံများ**သည် မိဘများနှင့်ဆရာများကြားတွင် တွေ့ဆုံမှုများဖြစ်သည်။ ဆရာများသည် ကျောင်းသား၏တိုးတက်မှုနှင့် အတန်းထဲအပြုအမူများကို ဆွေးနွေးရန် ကျောင်းသားတစ်ယောက်စီ၏ မိဘများနှင့် သီးသန့်တွေ့ဆုံသည်။ များသောအားဖြင့် ဆရာများသည် ကျောင်းနှစ်အတွင်း ဆောင်းရာသီတွင် အနည်းဆုံးတွေ့ဆုံမှုတစ်ခုကို တောင်းဆိုသည်။ သို့သော်ငြားလည်း ကျောင်းသား တစ်ယောက်သည် သင်ယူမှု သို့မဟုတ် အပြုအမူများတွင် ပြင်းထန်သော ပြဿနာများရှိလျှင် ကျောင်းစာသင်နှစ်အတွင်း အခြားအချိန်များတွင် တွေ့ဆုံမှုတစ်ခုအတွက် လာရောက်ရန် ဆရာတစ်ယောက်သည် ကျောင်းသားမိဘများကို ပြောလိမ့်မည်။ ပြဿနာရှိလျှင် မည်သည့်အချိန်မဆို ကျောင်းသားမိဘများသည် တွေ့ဆုံမှုတစ်ခုကို တောင်းဆိုနိုင်သည်။ ကျောင်းသားမိဘများသည် တွေ့ဆုံမှုတောင်းဆိုရန် ဆရာကို ဖုန်းဆက်နိုင်သည်။ သို့မဟုတ် မှတ်စုဖော်ပြမှုကို ရေးနိုင်သည်။ မကြာခဏ တွေ့ဆုံမှုများကို ကျောင်းချိန်မတိုင်မီ သို့မဟုတ် ကျောင်းချိန် နောက်ပိုင်းတွင် ပြုလုပ်ကြသည်။

**ရေးသားထားသော ပစ္စည်းများ**ကို အိမ်သို့ စာတိုက်မှ ပို့သည် သို့မဟုတ် ကလေးများက အိမ်သို့ယူလာသည်။ ဥပမာအားဖြင့် ကျောင်းများသည် ဤပစ္စည်းများကို အိမ်သို့ပို့ကောင်းပို့နိုင်သည်။

- စာသင်ခန်းက ပေးလိုက်သော သင်ခန်းစာများ၊ စာသင်ခန်း လုပ်ဆောင်ချက်များ၊ အားလပ်ရက်များ သို့မဟုတ် ကျောင်းအစီအစဉ်များနှင့် ပတ်သက်သည့် ကျောင်းပြက္ခဒိန်များ
- စာသင်ခန်းများနှင့်ကျောင်းတွင် ဘာတွေဖြစ်ပျက်ပြီးပြီလဲဆိုသည့်အရာကို ပြောဆိုသော စာစောင်များ
- ၎င်းတို့၏ စိတ်ကူးစိတ်သန်းများနှင့် စိုးရိမ်မှုများအတွက် မိဘများကို မေးမြန်းထားသော စစ်တမ်းများ
- ကွင်းဆင်းခရီးစဉ်ယူရန် ကျောင်းသားများအတွက် ခွင့်ပြုချက် ပုံစံများ
- ကျောင်းအစည်းအဝေးများ၊ တွေ့ဆုံမှုများ၊ ဂုဏ်ပြုအစီအစဉ်များ၊ ကျောင်းပိတ်ရက်များနှင့် အခြားအကြောင်းအရာများအတွက် ထုတ်ပြန်ကြေငြာချက်များ

တစ်ခါတစ်ရံ မိဘများသည် ရေးသားစာရွက်များကို ဖြေရသည်။ ဥပမာအားဖြင့် သင်၏ကလေးများ ကွင်းဆင်းခရီးစဉ်မသွားမီ ခွင့်ပြုချက်ပုံစံကို သင်လက်မှတ်ထိုးရမည်။

**ဖုန်းခေါ်ခြင်းများနှင့် အင်တာနက်**များသည် ကျောင်းများက မိဘများနှင့်ဆက်သွယ်သော အခြားနည်း လမ်းများဖြစ်သည်။ ဆရာများသည် မကြာခဏမိဘများကို စကားပြောရန် တယ်လီဖုန်းကိုအသုံးပြုသည်။ တစ်ခါတစ်ရံ မိဘဆရာတွေ့ဆုံမှုကို ဖုန်းဖြင့်ပြုလုပ်နိုင်သည်။ တချို့ကျောင်းများတွင် အိမ်စာ အထူးဖုန်းလိုင်းများရှိသည်။ မိဘများသည် သီးခြား ဖုန်းနံပါတ်တစ်ခုကိုခေါ်နိုင်ပြီး ၎င်းတို့၏ကလေးများ၏ အိမ်စာနှင့်ပတ်သက်သည့် သတင်းစကားကြားနိုင်သည်။ ကျောင်းအချို့တွင် ကျောင်းအစီအစဉ်များ၊ စာသင်ခန်းလုပ်ဆောင်မှုများအပြင် ဆရာထံသို့ အီးမေးလ် ပို့နည်း နှင့်ပတ်သက်၍ သတင်း အချက်အလက်ပါသော ကျောင်းဝက်ဘ်ဆိုက်များရှိသည်။

ကျောင်းသားမိဘများသည် ၎င်းတို့တွင် မေးမြန်းစရာ ရှိသည့်အခါတိုင်း ကျောင်းကိုဖုန်းခေါ်နိုင်ပြီး ဆရာများ သို့မဟုတ် ကျောင်းအုပ်ကြီးကို စကားပြောနိုင်သည်။ သင်၏ကလေးကျောင်းကို လည်ပတ်မည်ဆိုလျှင် ကြိုတင်ချိန်းဆိုမှုပြုလုပ်ရန် ဦးစွာ ကျောင်းကို ဖုန်းဆက်ပါ။ သင့်အနေဖြင့် ကျောင်းကို ဖုန်းခေါ်နိုင်သည် သို့မဟုတ် ဆရာထံသို့ မှတ်စုပို့နိုင်သည်။

### အကူအညီပေးသော အကြံဉာဏ်

***ကျောင်းနှင့် တစ်စုံတစ်ယောက်ကို စကားပြောရာတွင် သို့မဟုတ် အင်္ဂလိပ်စာဖတ်ခြင်းတွင် ပြဿနာများရှိလျှင် ထိုပြဿနာကို ရှင်းပြရန် အင်္ဂလိပ်စကား ပြောတတ်သူ တစ်ယောက်အား ကျောင်းကို ဖုန်းခေါ်ရန်ပြောပါ။ ကျောင်းများတွင် အင်္ဂလိပ်စကား နည်းနည်းပြောတတ်သော သို့မဟုတ် လုံးဝမပြော တတ်သော မိဘများကို ကူညီရန် ဘာသာပြန်များရှိသည်။ ထိုပြဿနာကို မပြောလျှင် ပြဿနာရှိသည် ဆိုတာကို ကျောင်းသည် သိလိမ့်မည်မဟုတ်ပါ။***

## 2. ကျွန်ုပ်၏ ကလေးများသည် ကျောင်းတွင် မည်သည့် အခြေအနေရှိသည်ကို မည်သို့ သိနိုင်သနည်း။

**အစီရင်ခံစာကတ်ပြားများ**။ အစီရင်ခံစာကတ်ပြားများသည် ကျောင်းတွင် ကလေးများသည် မည်သည့်အခြေအနေရှိသည်ကို ပြောသည်။ အစီရင်ခံစာကဒ်ပြားသည် ကလေးများ သင်ယူ လေ့လာသည့် ဘာသာရပ်တစ်ခုစီကို စာရင်းပြုစုထားသည်။ ဘာသာရပ်တစ်ခုစီ အတွက် အဆင့်တစ်ခုစီရှိသည်။ မိဘများသည် ကလေးများ၏ အစီရင်ခံစာကဒ်ပြားများကို တစ်နှစ်တွင် လေးကြိမ်ရရှိသည်။ ကျောင်းသားများသည် များသောအားဖြင့် အစီရင်ခံစာကဒ်ပြားများကို အိမ်သို့ယူဆောင်လာသည်။ ကျောင်းအချို့သည် အစီရင်ခံစာကဒ်ပြားများကို မိဘများအား မိဘဆရာတွေ့ဆုံမှုညီလာခံတွင် ပေးကြသည်။ အခြားကျောင်းများသည် အစီရင်ခံစာကဒ်ပြားများကို မိဘများထံသို့ စာဖြင့်ပို့သည်။ မိဘများသည် အစီရင်ခံစာကတ်ပြားများရရှိသောအခါ အစီရင်ခံစာ ကတ်ပြားတွင် သို့မဟုတ် စာအိတ်တွင် လက်မှတ်ထိုးရန်လိုအပ်သည်။ ထို့နောက် ၎င်းတို့၏ကလေးများသည် အစီရင်ခံစာကဒ်ပြားကို ကျောင်းသို့ ပြန်ပို့ပေးသည်။

**အဆင့်များ**။ ကျောင်းအများစုသည် ဘာသာရပ်တစ်ခုစီတွင် ၎င်းတို့၏ ကလေးများသည် မည်သည့်အခြေအနေရှိသည်ကို မိဘများအား ပြောရန် ဤအဆင့်များကို အသုံးပြုသည်။

- A အလွန်ကောင်းသောအလုပ်
- B ကောင်းသောအလုပ်
- C ပုံမှန်အလုပ်
- D ပုံမှန်ထက်နည်းသောအလုပ် (အားနည်းသောအလုပ်)
- F ဘာသာရပ်ရှုံးသည် (စာမေးပွဲကျသည်)

A, B, C နှင့် D တို့သည် အောင်သောအဆင့်များဖြစ်သည်။ အဆင့် F သည် ကလေးတစ်ယောက်သည် ထိုဘာသာရပ်ကို မအောင်ဟု ဆိုလိုသည်။ ကျောင်းသားတစ်ယောက်သည် ဘာသာရပ်ကို မအောင်လျှင် ထိုဘာသာရပ်ကို နောက်ထပ် တဖန်ဖြေရသည်။ သို့မဟုတ် အောင်သည့်အဆင့်ရောက်ရှိရန် အပိုအလုပ်လုပ်ရသည်။

ဆရာများသည် ကလေးများအား မည်သည့်အဆင့်များကို ပေးရန်ဆုံးဖြတ်သည်။ ဆရာများသည် ကလေးများ၏ကျောင်းသင်ခန်းစာ၊ အိမ်သင်ခန်းစာများနှင့် မည်သည့်အဆင့်များကိုပေးရန် ဆုံးဖြတ်မှုကို ကူညီရန် စာမေးပွဲစစ်ဆေးမှုများကို ကြည့်သည်။ ဆရာများသည်လည်း ကျောင်းသားများ၏အဆင့် များကို ဆုံးဖြတ်ရန် အတန်းထဲတွင်ရှိသော ကလေးများကို နားထောင်သည်၊ ကြည့်သည်။

**ယာယီအစီရင်ခံစာများ**။ ကျောင်းအချို့သည် ယာယီ သို့မဟုတ် တိုးတက်မှုအစီရင်ခံစာများပေးသည်။ မိဘများသည် ထိုအစီရင်ခံစာများကို အစီရင်ခံစာ ကဒ်ပြားများကြားတွင် ရရှိသည်။ ကျောင်းအချို့ တွင် ကျောင်းသားတိုင်း၏ မိဘများသည် ယာယီ အစီရင်ခံစာ တစ်စောင်ရရှိသည်။ ထိုအစီရင်ခံစာများသည် မိဘများအား ၎င်းတို့၏ကလေးများသည် ဘာသာရပ်တစ်ခုစီတွင် မည်သည့်အခြေအနေရှိသည်ကို ပြောသည်။ အခြားကျောင်းများတွင် ပြဿနာရှိသော ကျောင်းသားများ၏ မိဘများသာလျှင် ယာယီအစီရင်ခံတစ်စောင်ရရှိသည်။ ထိုအစီရင်ခံစာများသည် မိဘများအား သက်ဆိုင်သော ဘာသာရပ်များတွင် ကလေးများရှိနေသော ပြဿနာများနှင့်ပတ်သက်၍ ပြောသည်။

## 3. ကျောင်းများနှင့် ပတ်သက်၍ ဆုံးဖြတ်ချက်များချရာတွင် ကျွန်ုပ်၏ မည်သို့ ကူညီ နိုင်သနည်း။

မိဘများသည် ကျောင်းအစီအစဉ်များနှင့်ပတ်သက်၍ ဆုံးဖြတ်ချက်ချခြင်းတွင် ကျောင်းအုပ်ချုပ်သူများကို အကူအညီပေးနိုင်သည်။ ကျောင်းများသည် မိဘအုပ်စုအသီးသီးအတွက် အစည်းအဝေးများတက်ရန် မိဘများကို ဖိတ်ခေါ်သည်။ ထိုအုပ်စု အစည်းအဝေးများကို တက်သောအခါ မိဘများသည် ၎င်းတို့၏ ကလေးများကျောင်းတွင် အစီအစဉ်များနှင့်ပတ်သက်၍ အတွေးအခေါ်နှင့် အကြံဉာဏ်များပေး နိုင်သည်။

- *မိဘအကြံပေးကော်မတီများ*သည် နှစ်ဘာသာ ပညာရေးကဲ့သို့သော ထူးခြားအစီအစဉ်များ တိုးတက်မှုအတွက် ကျောင်းအတွက် အကြံဉာဏ်နှင့်အတွေးအခေါ်များပေးသော မိဘအုပ်စုများဖြစ်သည်။

- *ကျောင်းဖွံ့ဖြိုးမှုကော်မတီများ/အသင်းများ* သည် ကျောင်းဝန်ထမ်းများ၊ မိဘများနှင့် လူထုအသိုင်းအဝိုင်းများသည် ကျောင်းသားများ၏သင်ယူမှုကို မည်သို့တိုးတက်အောင် လုပ်နိုင်သည်ဆိုသည်ကို အစီအစဉ်ချမှတ်သည်။

- *မိဘဆရာအဖွဲ့အစည်းများ*သည် ကျောင်းအတွက် ဝင်ငွေရရန် အစီအစဉ်များချမှတ်သည်။ ဥပမာအားဖြင့် မိဘ ဆရာအဖွဲ့အစည်းသည် စာအုပ်များရောင်းရန် စာအုပ်ဈေးရောင်းပွဲတော်တစ်ခုကို အစီအစဉ်ချမှတ်ကောင်းချလိမ့်မည်။ ၎င်းတို့သည် စာသင်ခန်းများအတွက် ကွန်ပြူတာများဝယ်ရန် ၎င်းတို့ ရရှိသော ဝင်ငွေကို အသုံးပြုနိုင်သည်။

## 4. ကျွန်ုပ်၏ ကလေးများ၏ ကျောင်း၌ ကျွန်ုပ် မည်သည့်အထူးအစီအစဉ်များကို တက်ရောက် နိုင်သနည်း။

ကျောင်းများသည် မကြာခဏအထူးကျောင်းအစီအစဉ်များအတွက် မိဘများကို ဖိတ်ခေါ်သည်။ ထိုအစီအစဉ်များသည် တစ်ဦးကို တစ်ဦးသိရှိလာရန် ဆရာများ၊ မိဘများနှင့် ကလေးများအား အချိန်တစ်ခုကို ဖန်တီးပေးသည်။

တစ်ခါတစ်ရံ ကျောင်းသားမိဘများသည် ကျောင်းလှုပ်ရှားမှုအစီအစဉ်များတွင် ကလေးများကို တွေ့ရန် ကျောင်းသို့လာကြပါသည်။ ထိုအစီအစဉ်များမှ

- ဘောလုံး၊ ဘောလီဘော သို့မဟုတ် ဘတ်စကတ်ဘောကဲ့သို့သော အားကစားများတွင် ၎င်းတို့၏ ကလေးများကို တွေ့မြင်ရန် *အားကစားအစီအစဉ်များ*
- ၎င်းတို့၏ ကလေးများ ကရန်၊ ဆိုရန် သို့မဟုတ် တူရိယာ တစ်ခုကို တီးခတ်ရာတွင် မြင်ရန် *ပြဇာတ်နှင့် ဂီတဆိုင်ရာ တင်ပြမှုများ*
- ၎င်းတို့၏ ကလေးများဂုဏ်ပြုခံရခြင်းနှင့် ဆုရရှိခြင်းကိုတွေ့မြင်ရန် ဘွဲ့ရအခမ်းအနား သို့မဟုတ် ဂုဏ်ပြု ညများကဲ့သို့သော *စုဝေးမှုများ*

ကျောင်းများသည် သတင်းအချက်အလက်အသစ်များကို လေ့လာရန် မိသားစုများကိုလည်း ကျောင်းသို့ ဖိတ်ခေါ်သည်။ ၎င်းအစီအစဉ် အချို့မှာ

- *သင်ရိုးညွှန်းတမ်းညများ*သည် ကျောင်းစာသင်နှစ်အတွင်း ၎င်းတို့၏ ကလေးများသည် သင်ယူရမည့် အရာများကို မိဘများအားပြသည်။ ဆရာက နောက်အတန်း သို့မဟုတ် ဘွဲ့ရရှိရန် အတန်းတင်ခြင်း အတွက် ကျောင်းသားများ သင်ယူရမည့်အရာများကို ရှင်းပြကောင်းရှင်းပြလိမ့်မည်။

- *မိဘအလုပ်ရုံဆွေးနွေးပွဲ*သည် ၎င်းတို့၏ ကလေးများပြုစုပျိုးထောင်ခြင်းနှင့်ပတ်သက်၍ မိဘများအား အတွေးအခေါ်များကို ပေးသည်။ မိဘများသည် ၎င်းတို့၏ ကလေးများကို ကျန်းမာပြီးအောင်မြင်လာရန် မည်သို့အကူအညီပေးနိုင်သည်ကို သိနိုင်သည်။ ဥပမာအားဖြင့် အလုပ်ရုံဆွေးနွေးပွဲတစ်ခုသည် ကျောင်းမတက်ရဘဲ ကလေးများကို ကျောင်းတွင် မည်သို့ ထိန်းသိမ်းထားနည်းအကြောင်း ဖြစ်ကောင်းဖြစ်နိုင်သည်။ မိဘအလုပ်ရုံဆွေးနွေးပွဲများသည် ၎င်းတို့၏ ကလေးများကို သင်ယူရာတွင် မည်သို့ အကူအညီပေးနိုင်သလဲဆိုတာကို မိဘများကို သင်ကြားပေးနိုင်သည်။ ဥပမာ အားဖြင့် ၎င်းတို့၏ ငယ်ရွယ်သောကလေးများအတွက် စာအုပ်များကို ဘယ်လိုဖတ်ရန်ဆိုသည်ကို လေ့လာရန် မိဘများသည် အလုပ်ရုံဆွေးနွေးပွဲတစ်ခုကို တက်နိုင်သည်။

- *ကျောင်းတွေ့ဆုံပွဲ* ။ ကျောင်းတွေ့ဆုံပွဲသည် မိဘများနှင့် ကျောင်းသားသစ်များအတွက် တွေ့ဆုံမှုများ ဖြစ်သည်။ တွေ့ဆုံပွဲများကို မကြာခဏ မူလတန်းကြို မိဘများ၊ ဂရိတ် (grade) ၈ နှင့်အထက်တန်း ပထမနှစ် ဂရိတ် (grade) ၉ ကျောင်းသားများအတွက် ပြုလုပ်ပါသည်။ မိဘများသည် ကလေးများတက်မည့် ကျောင်းသစ် နှင့်ပတ်သက်၍ သတင်းအချက်အလက်များရရှိသည်။ ဥပမာအားဖြင့် မိဘများသည် ကျောင်းသစ်၏ ဝတ်စုံသတ်မှတ်ချက်နှင့်ပတ်သက်၍ လေ့လာကောင်းလေ့လာနိုင်သည်။ မိဘများသည် ၎င်းတို့၏ ကလေးများ သင်ရိုးများရွေးချယ်ရန် မည်သို့ အကူပေးနိုင်သည်ကို သိကောင်းသိနိုင်သည်။

တစ်ခါတစ်ရံ ကျောင်းများတွင် လူထုအသိုင်းအဝန်းတွင်ရှိသော မိသားစုများအတွက် နိုင်ငံတကာပွဲတော်များ၊ မိဘချီးမွမ်းနေ့နှင့် ကျောင်းဂုဏ်ယူနေ့ကဲ့သို့သော လူမှုရေးအစီအစဉ်များရှိသည်။ မိသားစုများသည် ပျော်ရွှင်မှုရရှိရန် ကျောင်းသို့လာကြသည်။ ဥပမာ အားဖြင့် နိုင်ငံတကာပွဲတော်တွင် နိုင်ငံအသီးသီးမှ အစားအစာအမျိုးမျိုးကို အရသာခံနိုင်သည်။ ဥပမာအားဖြင့် ၎င်းတို့သည် နိုင်ငံတကာ ပြပွဲတစ်ခုတွင် နိုင်ငံများစွာမှ အစားအစာ အမျိုးမျိုးကို မြည်းစမ်းကြည့်နိုင်သည်။

## 5. ကျွန်ုပ်၏ ကလေးများ၏ ကျောင်း၌ ကျွန်ုပ် စေတနာ့ဝန်ထမ်းလုပ်ဆောင်နိုင်သည့် နည်းလမ်း အချို့က အဘယ်နည်း။

တစ်ခါတစ်ရံကျောင်းသည် ကျောင်းလှုပ်ရှားမှုအစီအစဉ်များအတွက် အကူအညီလိုအပ်ပါသည်။ လှုပ်ရှားမှုအစီအစဉ် အမျိုးမျိုးအတွက် စေတနာ့ဝန်ထမ်းပြုလုပ်ရန် ကျောင်းများသည် မိဘများကို ပြောသည်။

**စာသင်ခန်းနှင့် သင်ယူမှုအစီအစဉ်များ**အတွက် အောက်ပါတို့ကို လုပ်ဆောင်ရန် သင်သည် စေတနာ့ဝန်ထမ်းလုပ်နိုင်သည်။

- သင်၏အလုပ် သို့မဟုတ် မူလဇာတိတိုင်းပြည်နှင့်ပတ်သက်၍ အတန်းတစ်ခုကိုပြောရန်
- အတန်းတစ်ခုနှင့် ကွင်းဆင်းခရီးစဉ်သွားရန်
- အတန်းတစ်ခုအတွက် ဖတ်ရန် သို့မဟုတ် ကျောင်းသားများဖတ်သည့်အရာကို နားထောင်ရန်

**ကျောင်းအစီအစဉ်များအတွက်** အောက်ပါတို့ကို လုပ်ဆောင်ရန် သင်စေတနာဝန်ထမ်းလုပ်ကောင်းလုပ်နိုင်သည်။

- ကျောင်းကပွဲတစ်ခုတွင်ကူညီရန်
- မိဘများတွေ့ဆုံမှုတစ်ခုတွက် အအေးနှင့်အစားအသောက်ယူလာရန်
- ရန်ပုံငွေထူထောင်မှုတစ်ခုကို အစီအစဉ်ချမှတ်ရန်
- ရေးသားထားသောအရာများကို ဘာသာပြန်ကူညီရန်

ကျောင်းများတွင် ပါဝင်ဆောင်ရွက်ရန် သင့်အတွက်နည်းလမ်းအမျိုးမျိုးရှိသည်။ ကလေးများပညာရေးတွင် ကျောင်းသည် သင်၏ အကူအညီ၊ အတွေးအခေါ်များနှင့် ပါဝင်လုပ်ဆောင်မှုများလိုအပ်ပါသည်။ သင်သည် ကလေးများပညာရေး၏ အလွန် အရေးကြီးသော အစိတ်အပိုင်းတစ်ခုဖြစ်သည်။ ကျောင်းများတွင် သင့်ကို အမြဲတမ်းကြိုဆိုသည်။

### အကူအညီပေးသော အကြံဉာဏ်

**ကျောင်းများသည် စေတနာ့ဝန်ထမ်းအခွင့်အလမ်းများကို ကျောင်းသတင်းထုတ်ပြန်မှု၊ ကျောင်း ဝက်ဘ်ဆိုက် သို့မဟုတ် ကျောင်းမှအိမ်သို့ပို့လိုက်သော အထူးထုတ်ပြန်ချက်များတွင် စာရင်းပြုလုပ်ကောင်း ပြုလုပ်ထားနိုင်သည်။**

## 6. ကျွန်ုပ်၏ ကလေးများ၏ သင်ယူမှုနှင့် ပတ်သက်၍ ကူညီရန် ကျွန်ုပ် အိမ်တွင် မည်သည့် အရာကို လုပ်ဆောင်နိုင်သနည်း။

အောင်မြင်သော ကျောင်းသားများသည် သင်ယူရန် အဆင်သင့်ဖြစ်ပြီး ကျောင်းသို့လာကြသည်။ သင်ယူမှုအလေ့အထကောင်း များ စွာရှိသည်။ သင်အင်္ဂလိပ်စကား အနည်းငယ် ပြောတတ်လျှင်တောင်မှ အကူအညီပေးနိုင်သည်။ အကူအညီပေးရန် အင်္ဂလိပ်စာကို မတတ်လျှင်လည်းရသည်။ ဤအရာများသည် ကလေးများ သင်ယူမှုကို အကူအညီပေးရန် သင်လုပ်နိုင်သော အရေးကြီးသော အရာများကို အောက်တွင်ပေးထားသည်။

**ရာသီဥတုအတွက် အဝတ်အစား။** အပြင်မှာရှိသော ရာသီဥတုအတွက် သင့်ကလေးများ၏အဝတ် အစားများ အဆင်ပြေသလား ဆိုသည်ကို သေချာအောင်လုပ်ပါ။ ဥပမာအားဖြင့် အပြင်မှာအေးနေလျှင် ကုတ်အင်္ကျီများ၊ ဦးထုတ်များနှင့် လက်အိတ်များ ကဲ့သို့သော နွေးထွေးသောအဝတ်အစားများကို ကလေးများသည် ဝတ်သင့်သည်။

**ကျောင်းယူနီဖောင်းများနှင့် အဝတ်အစားသတ်မှတ်ချက်များ။** ကျောင်းအချို့တွင် ကျောင်းသားများသည် ကျောင်းတွင် ယူနီဖောင်းဝတ်ဆင်ရသည်။ ဥပမာအားဖြင့် ယူနီဖောင်းတစ်စုံသည် အဖြူရောင်ရှပ်အင်္ကျီများနှင့် အပြာရောင်ဘောင်းဘီ သို့မဟုတ် စကတ်စ်များ ဖြစ်ကောင်းဖြစ်နိုင်သည်။ အခြားကျောင်းများသည် ကျောင်းယူနီဖောင်းမရှိသော်လည်း ၎င်းတို့တွင် အဝတ်အစား စည်းကမ်း သတ်မှတ်ချက်များ ရှိပါသည်။ ဥပမာအားဖြင့် ကျောင်းအချို့တွင် ယောကျ်ားလေးများသည် ကျောင်းအတွင်းတွင် ဦးထုတ်မဆောင်းရပါ။ မိန်းကလေးများကို ကုပ်သိုင်းအင်္ကျီများကို ဝတ်ဆင်ခွင့်မပြုပါ။ သင်၏ကလေးများသည် ကျောင်းအတွက် သင့်တောင်အောင်မဝတ်ဆင်လျှင် ကျောင်းအချို့သည် ၎င်းတို့အား အိမ်ပြန်ပို့ လိမ့်မည်။

**ကျောင်းအသုံးအဆောင်ပစ္စည်း၊** ကလေးများသည် ကျောင်းအသုံးအဆောင်ပစ္စည်းများကို စာသင်ခန်းထဲသို့ ယူဆောင်ရန် လိုအပ် သည်။ ကျောင်းအသုံးအဆောင်ပစ္စည်းများမှာ စာရွက်၊ ခဲတံများ၊ ဘောပင်များနှင့် ခဲဖျက်များဖြစ်ပါသည်။ တစ်ခါတစ်ရံ ကလေး များသည် ပေတံများ၊ ကပ်ကြေးများ သို့မဟုတ် ကော်များကဲ့သို့သော အခြားအသုံးအဆောင်ပစ္စည်းများကို လိုအပ်သည်။ သင်သည် အသုံးအဆောင်ပစ္စည်းများကို မဝယ်နိုင်လျှင် ဆရာကိုပြောပါ။



**ကျောင်းအလုပ်နှင့်ပတ်သက်၍ ပြောဆိုခြင်း၊** မိဘများသည် တစ်ရက်စီတွင် ၎င်းတို့၏ ကလေးများကို မေးသင့်သည်။ 'ဒီနေ့ ကျောင်းဘယ်လိုလဲ၊' 'ဒီနေ့ညမင်းမှာ အိမ်စာရှိသလား၊' ကျောင်းများသည် သင့်ကိုသင်၏ကလေးများနှင့် ကျောင်းအလုပ်နှင့် ပတ်သက်ပြီး ဆွေးနွေးစေချင်သည်။ အတန်းထဲတွင် ကလေးများသည် ဘာတွေသင်ယူနေသလဲဆိုတာနှင့်ပတ်သက်ပြီး သင်၏ ကလေးများကို မေးနိုင်သည်။ သင်သည် သင့်ကလေးများကို အိမ်စာယူလာရန်နှင့် သူတို့၏အဆင့်သတ်မှတ်ထားသော စာရွက်များ ကို ပြရန်ပြောနိုင်သည်။

**အိမ်စာအကူအညီပေးခြင်း၊** အိမ်စာသည် ဆရာများက ကျောင်းသားများကို အိမ်၌လုပ်ရန် ပေးလိုက်သောသင်ခန်းစာအလုပ်တစ်ခု ဖြစ်သည်။

အိမ်စာအလုပ်အမျိုးမျိုးရှိသည်၊ ကလေးများသည်

- ကျောင်းတွင် စတင်ခဲ့သော သင်ခန်းစာအလုပ်များကို ပြီးဆုံးအောင် လုပ်ကောင်း လုပ်နိုင်သည်။
- ကျောင်းတွင် ၎င်းတို့သင်ယူခဲ့သောအရာကို ပြန်သုံးသပ်ရန် သို့မဟုတ် လေ့ကျင့်ပေးသော အိမ်စာ အလုပ်များကို လုပ်ကောင်း လုပ်နိုင်သည်။ (အဖတ် သို့မဟုတ် သင်္ချာကဲ့သို့သော)
- စာအုပ်အစီရင်ခံစာများ၊ သိပ္ပံစမ်းသပ်မှုများ သို့မဟုတ် မြေပုံဆွဲခြင်းများကဲ့သို့သော အထူးစီမံကိန်းများကို လုပ်ကောင်း လုပ်နိုင်သည်။
- ဥာဏ်စမ်း သို့မဟုတ် စစ်ဆေးမှုတစ်ခုကို လေ့လာကောင်းလေ့လာနိုင်သည်

ဆရာများသည် တစ်ညစီတွင် အိမ်စာမည်မျှ ပေးရန်ဆိုသည်ကို ဆုံးဖြတ်သည်။ ဆရာများအားလုံးသည် တူညီသော အိမ်စာပမာဏကို ပေးလေ့မရှိပါ။ များသောအားဖြင့် အသက်ပိုကြီးသောကလေးများသည် အသက်ငယ်သောကလေးများထက် ပိုများသော အိမ်စာများရှိသည်။ ဤအရာများသည် သင်၏ ကလေးများကို အိမ်စာ၌ အကူအညီပေးရန် သင်လုပ်နိုင်သောအရာအချို့များမှာ

*အိမ်စာအချိန်* ။ ကျောင်းအစီအစဉ်များနှင့် အိမ်စာနောက်ပိုင်းတွင် ကလေးများတွင် အပြင်ထွက် တောက်တိုမည်ရအလုပ်များ၊ ချိန်းဆိုမှုများ၊ ကစားချိန်များကဲ့သို့သော များစွာသော နေ့စဉ်အစီအစဉ် များရှိသည်။ သင်သည် သင်၏ကလေးများကို အိမ်စာအတွက် အထူးအချိန်တစ်ခုဆွဲပေးရန် အကူအညီပေးနိုင်သည်။ နေ့လယ်တိုင်းနှင့် ညနေတိုင်းတွင် အိမ်စာများကို တစ်ချိန်တည်း၌ လုပ်နိုင်လျှင် အကောင်းဆုံး ဖြစ်သည်။ သို့သော် ညနက်ပိုင်းတွင် မလုပ်သင့်ပါ။ အိမ်စာအချိန် အတွင်း ရုပ်မြင်သံကြားနှင့် ဗွီဒီယို၊ ကွန်ပြူတာဂိမ်းများကို ပိတ်ထားသင့်သည်။ ကလေးများသည် အိမ်စာလုပ်ရန် တိတ်ဆိတ်သောနေရာတစ်ခု လိုအပ်သည်။

*အိမ်စာကိုကြည့်ခြင်း*။ ထိုအရာသည် သန့်ရှင်းသပ်ရပ်သလားဆိုတာကို မြင်ရန် သင်သည် အိမ်စာကို ကြည့်နိုင်သည်။ သင်၏ ကလေးသည် သင့်ကို ၎င်းတို့၏အိမ်စာကို ရှင်းပြနိုင်သည်။ တစ်ခါတစ်ရံ ကလေးများသည် သူတို့အိမ်စာကို ရှင်းပြသောအခါ အမှားများကို မြင်သည်။

*အိမ်စာနှင့်ပြဿနာများ*။ တစ်ခါတစ်ရံ ကလေးများသည် ၎င်းတို့၏ အိမ်စာများကို မပြီးနိုင်ပါ။ အဘယ်ကြောင့်ဆိုသော် ၎င်းတို့နားမလည်သောကြောင့် ဖြစ်သည်။ မိဘများသည် အိမ်စာကို နားလည်လျှင် ၎င်းတို့သည် ကလေးများကို အကူအညီပေးနိုင်သည်။ သို့သော် မိဘများသည် ၎င်းတို့၏ ကလေးများအတွက် အိမ်စာကို မည်သည့်အခါမှ လုပ်မပေးသင့်ပါ။

မိဘအများစုသည် အိမ်စာတွင် ၎င်းတို့၏ ကလေးများကို အကူအညီမပေးနိုင်ဟု ခံစားရသည်။ တစ်ခါတစ်ရံ မိဘများသည် အင်္ဂလိပ်စာကို များစွာ နားမလည်ပါ သို့မဟုတ် ဘာသာရပ်ကို နားမလည်ပါ။ မိဘများသည် အိမ်စာပြဿနာတွင် ကလေးများကို အကူအညီမပေးနိုင်လျှင် သူတို့သည် မှတ်စုတစ်ခု ရေးသင့်သည်။ သို့မဟုတ် ကလေး၏ဆရာကို ဖုန်းဆက်သင့်သည်။ ၎င်းတို့၏ ကလေးများသင်ခန်းစာအလုပ်ပြီးမြောက်ရန် ပြဿနာတစ်ခုရှိလျှင် မိဘများသည် ဆရာများကို ပြောနိုင်သည်။ တစ်ခါတစ်ရံ ကလေးများသည် ကျောင်း၌ ကျောင်းမတိုင်မီ၊ ကျောင်းနောက်ပိုင်း သို့မဟုတ် နားနေချိန်အတွင်းတွင် ၎င်းတို့၏အိမ်စာအလုပ်တွင် အပိုအကူအညီရနိုင်သည်။

တစ်ခါတစ်ရံကလေးများသည် ၎င်းတို့၏အိမ်စာများကို မလုပ်ချင်ကြပါ။ တီဗွီကြည့်ရန် သို့မဟုတ် ကစားရန် ကလေးများသည် အချိန်ရှိကောင်း ရှိနိုင်သည်။ သို့သော် ၎င်းတို့၏ အိမ်စာကိုလုပ်ရန် မည်သည့်အခါမှ အချိန်မရှိပါ။ ကလေးတစ်ယောက်သည် အိမ်စာ လုပ်မနေလျှင် ဆရာများသည် မကြာခဏ မိဘများကို ဖုန်းဆက်လိမ့်မည် သို့မဟုတ် မှတ်စုတစ်စောင် ရေးလိမ့်မည်။ ဆရာများနှင့် မိဘများသည် ၎င်းတို့၏ အိမ်စာကို မလုပ်သော ကလေးများသည် မည်သို့ဖြစ်လာမည်ကို ဆုံးဖြတ်ရမည်။ ဆရာများသည် များသောအားဖြင့် ထိုကလေးများကို ပိုနိမ့်သောအဆင့်တစ်ခုကို ပေးသည်။

**စာကြည့်တိုက်**။ အိမ်စာအလုပ်အချို့အတွက် ကလေးများသည် အစိုးရစာကြည့်တိုက်မှ ထောက်ကူ ပစ္စည်းများကို လိုကောင်း လိုအပ်လိမ့်မည်။ စာကြည့်တိုက် ပစ္စည်းများအားလုံးကို စာကြည့်တိုက်တွင်သာ အသုံးပြုနိုင်သည်။ သင်၏ကလေးသည် ထောက်ကူပြုပစ္စည်းများကို အိမ်သို့ယူလိုလျှင် သို့မဟုတ် စာကြည့်တိုက်ကွန်ပြူတာကို အသုံးပြုမည်ဆိုလျှင် သင့်တွင် စာကြည့်တိုက်ကဒ်ရှိရမည်။ သင့်အနေဖြင့် စာကြည့်တိုက်ကတ်ကို စာကြည့်တိုက်၌ ရနိုင်သည်။

**အတူတကွစာဖတ်ခြင်းနှင့်စကားပြောခြင်း**။ အိမ်တွင်စာဖတ်သော ကလေးများသည် ကျောင်းတွင် ပိုတော်ပါသည်။ သင်၏အိမ်တွင် မိသားစုစာဖတ်ချိန်တစ်ခု ထားရှိခြင်းသည် ကောင်းသော စိတ်ကူးစိတ်သန်းတစ်ခု ဖြစ်သည်။ စာဖတ်ချိန်တွင် သင့်ကလေးများကို သင် စာဖတ်ပြနိုင်သည် သို့မဟုတ် သင့်ကလေးများက သင့်ကို စာဖတ်ပြနိုင်သည်။ သို့မဟုတ် စာဖတ်ချိန်တွင် လူတိုင်းသည် ကိုယ်တိုင်စာဖတ်နိုင်သည်။ အင်္ဂလိပ်ဘာသာ သို့မဟုတ် သင်၏ မိခင်ဘာသာဖြင့် သင်စာဖတ်သည်ကို မြင်ရန် သင်၏ ကလေးများအတွက် အရေးကြီးသည်။

စာဖတ်ခြင်းသည် သင့်အတွက်ခက်ခဲလျှင် သင်၏ကလေးများကို ပုံပြင်များပြောနိုင်သည်။ သင်ငယ်ရွယ်စဉ်က သင်၏ မိသားစုနှင့် ပတ်သက်၍လည်းကောင်း၊ သင့်ကလေးများ နို့စို့အရွယ်များ ဖြစ်သည့်အချိန်တွင် သင်၏မိသားစုနှင့် ပတ်သက်၍လည်းကောင်း၊ ပုံပြင်များကို ပြောနိုင်သည်။ သင်၏ကလေးများသည်လည်း ပုံပြင်များကို ပြောနိုင်သည်။ ပုံပြင်များကို အင်္ဂလိပ် သို့မဟုတ် မိခင်ဘာသာစကားဖြင့် ပြောနိုင်သည်။

**မိသားစုသင်ယူခြင်းအစီအစဉ်များနှင့် မိသားစုအရင်းအမြစ်စင်တာများ**။ ကျောင်းအများစုနှင့် လူထုအသိုင်းအဝိုင်း အဖွဲ့အစည်းများသည် ညနေပိုင်းနှင့် စနေ၊ တနင်္ဂနွေနေ့များတွင် မိသားစု သင်ယူမှု အစီအစဉ်များကို ကမ်းလှမ်းသည်။ မိဘများနှင့် ကလေးများသည် ထိုမိသားစုအစီအစဉ်များကို အတူတကွ တက်ရောက်သည်။ သင်၏မိသားစုသည် သင်္ချာ၊ သိပ္ပံ၊ အဖတ်နှင့် ကွန်ပြူတာကဲ့သို့သော ဘာသာရပ်များနှင့် ပတ်သက်၍ သင်ယူနိုင်သည်။ ပို၍ သင်ယူမှုအတွက် သင်သည် အိမ်သို့ယူနိုင် သော ထောက်ကူပြုပစ္စည်းများကို များသောအားဖြင့် ရရှိလိမ့်မည်။

ကျောင်းအချို့တွင် မိသားစုအရင်းအမြစ်စင်တာများရှိသည်။ ထိုစင်တာများတွင် မိဘများသည် ငှားပြီး အိမ်သို့ယူနိုင် သော ထောက်ကူပြုပစ္စည်းများရှိသည်။ ထောက်ကူပစ္စည်းအချို့သည် ကလေးဖွံ့ဖြိုးမှု၊ အာဟာရ၊ လုံခြုံမှု၊ ကျန်းမာရေး၊ ကျောင်းနှင့်သင်ယူမှု အစီအစဉ်များနှင့် ပတ်သက်သော အရာများဖြစ်သည်။ များသောအားဖြင့် စာအုပ်များ၊ ဂိမ်းများ၊ ဗွီဒီယိုများ၊ အသံဖမ်းကိရိယာများနှင့် အသံတိတ်ခွေများဖြစ်သည်။

**အကူအညီပေးသော အကြံဉာဏ်**

**မိသားစုအရင်းအမြစ်စင်တာတစ်ခု သို့မဟုတ် မိသားစုသင်ယူမှုအစီအစဉ်များရှိသလားဆိုတာကို တွေ့ရှိရန် သင့်ကလေးများ၏ကျောင်းကို အဆက်အသွယ်လုပ်ပါ။**

## 7. အထက်တန်းကျောင်း ပြီးဆုံးပြီးနောက် ၎င်းတို့၏ဘဝများအတွက် ကျွန်ုပ်၏ ကလေးများအား ကူညီစီစဉ်ရန် ကျွန်ုပ် မည်သည့် အရာကို လုပ်ဆောင်နိုင်သနည်း။

မိဘများသည် ၎င်းတို့၏ ကလေးများ အနာဂတ်အစီအစဉ်များတွင် အကူအညီပေးနိုင်သော ကျောင်းဝန်ထမ်းများနှင့်ပတ်သက်၍ သိရှိအောင်လုပ်သင့်သည်။ အထက်တန်းကျောင်း ညွှန်ကြားအကြံပေးသည် အထက်တန်းကျောင်း ပြီးနောက် ကျောင်းသားများသည် မည်သည့်အရာကိုလုပ်သင့်သည်နှင့် ပတ်သက်၍ ဆုံးဖြတ်ချက်ချခြင်းတွင် မိသားစုများကို အကူအညီပေးနိုင်သည်။ သင်၏ကလေးသည် အထက်တန်း ကျောင်းစတင်သောအခါ အနာဂတ်အစီအစဉ်များနှင့် ပတ်သက်၍ စတင်စကားပြောပါ။ အထက်တန်းကျောင်း၏ နောက်ဆုံးနှစ်မတိုင်မီ ဆုံးဖြတ်ချက်ချခြင်းသည် အကောင်းဆုံးဖြစ်သည်။ ကလေးများသည် ကောလိပ်တက်ရန် အလွန်နောက်ကျမှ ဆုံးဖြတ်ချက်ချလျှင် ၎င်းတို့အလိုရှိသော သင်ရိုး အားလုံးရှိလိမ့်မည် မဟုတ်တော့ပါ။ ကျောင်းသားများသည် ကောလိပ်အတွက် ပြင်ဆင်ရန် အထက်တန်း ကျောင်းတွင် သက်ဆိုင်သောဘာသာရပ်များကို ယူရသည်။ ကျောင်းသားများသည် ကောလိပ်လျှောက်ရန် အထက်တန်းကျောင်းတွင် စာမေးပွဲစစ်ဆေးမှုများလည်း ယူရသည်။

# IX. အရွယ်ရောက်ပြီးသူ ပညာရေး



## 1. အင်္ဂလိပ်စာ လေ့လာရန် သို့မဟုတ် အခြားအတန်းများတက်ရန် မည်သည့် နေရာသို့ သွားနိုင်သနည်း။

အရွယ်ရောက်သူများအတွက် သင်ယူမှုအခွင့်အလမ်းအမြောက်အများ ရှိသည်။ အတန်းအများစုသည် အခမဲ့ဖြစ်သည်။ သို့သော် အတန်းအချို့သည် ကျူရှင်အတွက် အခကြေးငွေများယူသည်။ အတန်းများကို နေ့အချိန်နှင့် ညနေပိုင်းတွင် ကမ်းလှမ်းသည်။ အရွယ်ရောက်သူများ အတန်းများကို မကြာခဏ ကွန်မြူနတီကောလိပ်များ၊ ကျောင်းများ၊ စာကြည့်တိုက်များနှင့် လူထုအသိုင်းအဝိုင်းစင်တာများတွင် ဖွင့်လှစ်သည်။

အရွယ်ရောက်ပြီးသူ ပညာရေး အတန်းအချို့မှာ

**အင်္ဂလိပ်စာကို ဒုတိယ ဘာသာရပ် အဖြစ်သင်ကြားခြင်း (ESL)**။ အခြေခံ အင်္ဂလိပ် ဘာသာစကားစွမ်းရည်များအတွက်

**GED** နှင့် အခြေခံစွမ်းရည်များ –အခြေခံအဖတ်နှင့်သင်္ချာစွမ်းရည်များအတွက်နှင့် GED (အထက်တန်းကျောင်း ပြီးဆုံးမှု) စာမေးပွဲအတွက် ပြင်ဆင်ရန်

ကောလိပ်များနှင့်တက္ကသိုလ်များ၌ ပညာရေးဆိုင်ရာအစီအစဉ်များလည်း ရှိသည်။ ပညာရေးဆိုင်ရာ အစီအစဉ်မျာ အစီအစဉ်များသည် ကောလိပ်လေ့လာမှုနှင့် အခပေးကျူရှင်များအတွက် အရွယ် ရောက်သူများကို ပြင်ဆင်ပေးသည်။

## အကူအညီပေးသော အကြံဉာဏ်

အရွယ်ရောက်သူပညာရေးအတန်းများနှင့်ပတ်သက်၍ သင်သည် သတင်းအချက်အလက်ကို အောက်ဖော်ပြပါ နေရာများတွင် ရရှိနိုင်သည်

- သင့်ကလေး၏ ကျောင်း
- သင့်ပတ်ဝန်းကျင်တွင် လူထုအသိုင်းအဝိုင်းအဖွဲ့အစည်းများ
- သင့်အစိုးရစာကြည့်တိုက်
- သင့်အိမ်အနားရှိ ကွန်မြူနတီကောလိပ်တစ်ခု
- ဘာသာရေး (သို့မဟုတ်) လူမျိုးစုအဖွဲ့အစည်းများ
- အီလီနွိုက် အရွယ်ရောက်သူသင်ကြားမှုအရေးပေါ် ဖုန်းလိုင်း ၁–၈၀၀–၃၂၁–၉၅၁၁ (အခမဲ့ ဖုန်းခေါ်မှု)